# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၄၄)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်

## နိုင်ငံရေး၊ စီးပွားရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ ဆွေးနွေးပြောကြားခဲ့

**နေပြည်တော် ဇွန် ၄**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Shangri-La Hotel ၌ မေ ၃၀ ရက်မှ ဇွန် ၁ ရက်အထိ ကျင်းပသော အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum on East Asia) သို့ အဖွဲ့ဝင်များဖြစ်သည့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်တို့နှင့်အတူ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၃၀ ရက်တွင် Shangri-La Hotel, Brunei Room ၌ ကျင်းပသည့် Energy Security and Infrastructure Round Table: ASEAN Five-Year Plan in Energy သို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအခြေအနေ၊ ASEAN Plan of Action on Energy Cooperation 2010-2015 တွင်ပါဝင်ပြီး Energy Infrastructure ဖြစ်သော ASEAN Power Grip, Trans- ASEAN Gas Pipeline တို့၌ မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၄* *

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Shangri-La Hotel ၌ ကျင်းပသော အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်၍ ဆွေးနွေးပြောကြားစဉ်။**
(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား

## ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် Hanns Seidel Foundation မှ ကိုယ်စားလှယ်အဖွဲ့ တို့တွေ့ဆုံ

**နေပြည်တော် ဇွန် ၄**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Lord Powell သည် ယနေ့မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ Hanns Seidel Foundation မှ Professor Harold Goodwin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသည်များအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာယာဉ်များ အဆင်ပြေစေရေး၊ တာဝန်ရှိ ခရီးသွားလုပ်ငန်း မူဝါဒချမှတ်ရေးနှင့် ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ Hanns Seidel Foundation နှင့် တွေ့ဆုံရာတွင် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း မူဝါဒဖော်ဆောင်ရေး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် တတ်နိုင်သည့်ဘက်မှ ဆက်လက်ကူညီဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Lord Powell လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)


မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဖိလစ်ပိုင်အနောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ် သေဆုံးမှုနှင့် နေအိမ်ပျက်စီးမှုများဖြစ်ပေါ် စာ-၄

မြေပြင် အာကာသစခန်းသစ် အီရန်တည်ဆောက်နေ စာ-၄



ကာတွန်းစာအုပ်မျက်နှာဖုံးပန်းချီ ပါရီလေလံပွဲ၌ ဒေါ်လာ ၁ ဒသမ ၆ သန်းရရှိ စာ-၄

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၅ ရက်)

# သင့်ခြံဝင်းတွင် မြေပိုလျှင် သီးပင်စားပင်စိုက်

လွန်ခဲ့သည့်ရက်များက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံ ဒေသအတော်များများ မိုးရွာသွန်းခဲ့ပြီ ဖြစ်သည်။ မိုးရွာပြီဆိုလျှင်ဖြင့် တောင်သူဦးကြီးတို့သည် လယ်ယာမြေတစ်ခွင် ထွန်ရေးငင်ကြပြီ။ မိုးကို မျှော်ကြသူများ ပျော်ကြသည်။ အပူရက်ကာလကုန်လွန်၍ မိုးဝင်လာသဖြင့် ပတ်ဝန်းကျင်တစ်ခွင် စိမ်းစိုလာသည်။ ခြံနှင့်ဝင်းနှင့်နေထိုင်ကြသူများအဖို့လည်း မြေပိုမြေကွက်လပ်လေးများ၌ သီးပင်စားပင်များ စတင်စိုက်ပျိုးကြပြီ။

ငယ်ငယ်က ကျောင်းသင်ခန်းစာများတွင်ဖတ်ရသည်။ အိမ်နောက်ဖေး ဈေးဆိုင်တည်ပါ။ ခေါင်းသုံးလုံးရှိသူကို ဆည်းကပ်ပါ။ ခေါင်းတစ်ရာသားကိုစားပါ စသည်ဖြင့်ဖတ်မှတ်ခဲ့ဖူးသည်။ အားလုံးတို့သည်ယနေ့ခေတ် ခြိုးခြံချွေတာရေးမှုနှင့် ကိုက်ညီလှပေသည်။ အိမ်နောက်ဖေးဈေးဆိုင်များသည် အချိန်မရွေး ဝယ်ယူစားသုံးနိုင်သည်။ ထို့အတူ အိမ်နောက်ဖေးမြေကွက်လပ်တွင် အချိန်မရွေးဆွတ်ခူးစားသုံးနိုင်ရန် သီးပင်စားပင်များ စိုက်ပျိုးထားသင့်ပေသည်။

နေအိမ်ခြံဝင်းများ၌သာမက ရုံးဝင်း၊ ကျောင်းဝင်း၊ စက်ရုံအလုပ်ရုံဝင်းတို့တွင်လည်း သီးပင်စားပင်များ စိုက်ပျိုးသင့်ပေသည်။ မြေကွက်လပ်လေးများ၌ ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ သရက်၊ မာလကာ၊ အုန်းပင် အစရှိသည်ဖြင့် သင့်တော်ရာသီးပင်စားပင်များ စိုက်ပျိုးထားသင့်ပေသည်။

"ဟာဗျာ....၊ ငွေကျပ် ၅၀၊ ၁၀၀ ပေးဝယ်စားရတဲ့ဟာ၊ ဘာဖြစ်လို့အချိန်ကုန်ခံ၊ လူပင်ပန်းခံပြီးစိုက်မှာတဲ့တုံး၊ အလုပ်ရှုပ်ခံစိုက်မနေချင်ပါဘူး" ဟူ၍ ပြောသူများရှိပေသည်။ မှန်ပေ၏။ ချဉ်ပေါင်၊ ကန်စွန်း၊ ပဲသီး အစရှိသည်တို့ကို ဈေး၌ဝယ်လျှင် မပင်မပန်းဘဲ ငွေကျပ် ၅၀၊ ၁၀၀နှင့်ဝယ်ယူနိုင်ပါသည်။ သို့သော် ဈေးသည် အချိန်တိုင်းမဖွင့်ပါ။ နံနက်ပိုင်းဈေး၊ ညနေပိုင်းဈေးအစရှိသဖြင့် အချိန်အပိုင်းအခြားနှင့် ဖွင့်တတ်ကြပါသည်။ ဈေးသို့သွားလျှင် အချိန်ကုန်မည်၊ ငွေကုန်မည်။ အိမ်နောက်ဖေးကွက်လပ်၌ စိုက်ပျိုးထားသော သီးပင်စားပင်တို့သည် အချိန်မရွေးခူးဆွတ်စားသုံးနိုင်ပါသည်။ ဈေးကဝယ်သည့် ဟင်းသီးဟင်းရွက်များထက် မိမိခြံဝင်းတို့၌ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များက လတ်ဆတ်ပြီးပို၍အရသာရှိပါသည်။ ထိုအချက်သည် အဓိကကျသော အချက်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် မိမိအိမ်ခြံဝင်းတွင်မြေပိုလျှင် သီးပင်စားပင်များ စိုက်ပျိုးထားသင့်ပေသည်။

သီးပင်စားပင်များ စိုက်ပျိုးခြင်းသည် ရုပ်ကျန်းမာရေးကိုအထောက်အကူဖြစ်စေနိုင်သလို စိတ်ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေနိုင်ပါသည်။ ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေဆွခြင်းတို့ဖြင့် ကာယလေ့ကျင့်ခန်းတစ်ခုကို ပြုလုပ်ပြီးသားဖြစ်သွား၍ ရုပ်ကျန်းမာရေးကိုကောင်းစေနိုင်ပါသည်။ ထို့အတူ စိမ်းလန်းသောစိုက်ခင်းများကို ကြည့်ရှုရခြင်း၊ လေကောင်းလေသန့်များ ရှူရှိုက်ရခြင်းတို့ကြောင့် စိတ်ကျန်းမာရေးအတွက်လည်း ကောင်းပါသည်။

သို့ပါသောကြောင့် အိမ်ခြံဝင်းတို့၌ဖြစ်စေ၊ ရုံး၊ ကျောင်း၊ စက်ရုံအလုပ်ရုံတို့၌ဖြစ်စေ မြေပိုမြေကွက်လပ်များရှိလျှင် သီးပင်စားပင်များ၊ နှစ်ရှည်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးသင့်ပြီဖြစ်ပါသည်။ အချိန်မရွေး လတ်ဆတ်စွာခူးဆွတ်စားသုံးနိုင်သည့် အိမ်နောက်ဖေးဈေးဆိုင်များနှင့်တူသော စိုက်ခင်းများကို စိုက်ပျိုးသွားကြရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

## လပွတ္တာမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

**လပွတ္တာ ဇွန် ၄**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် လပွတ္တာ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက လပွတ္တာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲမြင့် **(အပေါ်ပုံ)**နှင့် ဧရာဝတီတိုင်းဒေသကြီး လက်ထောက် တိုင်းပညာရေးမှူး(စစ်ဆေးရေး)ဆရာကြီး ဦးကြည်အောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျောင်းအပ်နှံရေးနေ့တွင် မြို့ပေါ်ရှိ အလှူရှင်များက လှူဒါန်းငွေနှင့် ပစ္စည်းတို့ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

## မင်းကင်းမြို့နယ်၌ ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**မင်းကင်း ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကို မေ ၂၉ ရက်က အဆိုပါ ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးဟန်ငွေတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မင်းကင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်က အမှာစကားပြောကြားပြီးနောက် ကျေးရွာစာသင်ကျောင်းအတွက် အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကျေးရွာရပ်မိရပ်ဖများက စာသင်ကျောင်းအတွက် အလှူငွေကျပ် ကိုးသိန်း သုံးသောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်များက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ဇွန် ၂ ရက် နံနက် ၉ နာရီက ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနား ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးတို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ စီမံကိန်းဦးစီးအရာရှိ ဒေါ်မြင့်မြင့်သူက သမဝါယမလုပ်ငန်းစဉ်အကြောင်းကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်နီက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အကြောင်းကိုလည်းကောင်း **(အောက်ပုံ)**၊ မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ကြည်က သမဝါယမငွေစုငွေချေးလုပ်ငန်းအကြောင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသော ပြခန်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၆)**

## စီမံကိန်းရည်မှန်းချက်တာဝန် ကျောင်းကုန်းမြို့နယ်တွင်ပေးအပ်

**ကျောင်းကုန်း ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်း ရည်မှန်းချက်တာဝန် ပေးအပ်ပွဲအခမ်းအနားကို အေးချမ်းသာယာခန်းမ၌ ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က အမှာစကားပြောကြားပြီး စီမံကိန်း တာဝန်ပေးအပ်လွှာများကို ကျေးရွာအုပ်စုအလိုက် စခန်းနယ်မြေတာဝန်ခံများအားပေးအပ်သည်။ထို့နောက် စီမံကိန်းဦးစီးမှူး ဦးအောင်ဝင်းက စီမံကိန်းရည်မှန်းချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ဆက်လက်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းထင်စိုးက စိုက်ပျိုးနည်းပညာနှင့်လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

## သာယာဝတီမြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**သာယာဝတီ ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း နွေစပါးစံပြစိုက်ကွင်းတွင် သင့်ကိုယ်စားပြု ပုလဲသွယ်စပ်မျိုးစပါးကိုသာယာဝတီခရိုင် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စွာမင်းနှင့် ဝန်ထမ်းများ ဇွန် ၂ ရက်က စံကွက်ရိတ်သိမ်းကြသည်။ **(အပေါ်ပုံ)**

**စံကွက်ရိတ်သိမ်း**

အဆိုပါ သင့်ကိုယ်စားပြု နွေစပါးစံကွက်ကို ရိတ်သိမ်းကြရာတွင် ခြောက်သွေ့ပြီး စပါးတစ်ဧက ပျမ်းမျှအထွက်တင်း ၁၂၃ ဒသမ ၂၂ ထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

## မိုးကြိုးဘေးအတွက် လိုက်နာရန်အချက်များ

၁။ ယခုအခါ မိုးကြိုးဘေးန္တရာယ်မှာ အဖြစ်များလာသော ဘေးအန္တရာယ်တစ်မျိုးဖြစ်လာသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် မိုးကြိုးဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းများ ဖြစ်ပေါ်ပါက အောက်ပါအချက်များအား အထူးဂရုပြုလိုက်နာသင့်ပါသည်-

**အိမ်အပြင်တွင်ရောက်ရှိနေပါက**

(က) အိမ်ထဲသို့ ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင် ကိုင်မထားပါနှင့်။

(ခ) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊ နိမ့်သောနေရာတွင်နေပါ။

(ဂ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင်ရှိနေခဲ့လျှင် ရေထဲမှ ချက်ချင်းတက်ပြီး လုံခြုံသည့် အခိုအကာနေရာရှာ၍ နေပါ။

(ဃ) အိမ်အပြင်ဘက်တွင် လူစုလူဝေးနှင့် ဖြစ်နေပါက သီးခြားစီ ဖြန့်ခွဲနေပါ။

(င) ကွင်းပြင်တွင် ထီးထီးကြီး မနေပါနှင့်။

(စ) လျှပ်စီးလက်သည်ကိုမြင်သည်နှင့် (၁)မှ (၃၀)အထိ ရေတွက်ကြည့်ပါ။ (၃၀)မပြည့်မီ မိုးကြိုးပစ်သံကြားရပါက အမြန်ဆုံး အိမ်ထဲသို့ ပြေးဝင်ပါ။ (ဤလက္ခဏာသည် မိမိ၏အပေါ်တည့်တည့်တွင် မိုးကြိုးရောက်နေခြင်း ဖြစ်ပါသည်။)

(ဆ) သင့်ဆံပင်များထောင်နေသည်ဟု စတင်ခံစားရပါက မိုးကြိုးပစ်တော့မည့် လက္ခဏာဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးထောက်ချလိုက်ပြီး သင့်လက်နှစ်ဖက်ကို ဒူးပေါ်သို့ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွှတ်ထားပါ။ မြေပေါ်တွင် ပြားပြားဝပ် မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပိုကြီးမားသောမိုးကြိုးပစ်မှတ် ဖြစ်သွားနိုင်ပါသည်။

(ဇ) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

**အိမ်တွင်း၌ရှိနေပါက**

(က) အဆောက်အအုံများ၏ အလယ်တွင်သာနေပါ။ ရေပိုက်များနှင့် ရေဆေးခွက်များအနီးတွင် မနေပါနှင့် (မိုးကြိုးလျှပ်စီးမှတစ်ဆင့် ဓာတ်လိုက်တတ်သည်)

(ခ) ပြတင်းပေါက်များနှင့် ဝေးကွာသောနေရာတွင်နေပါ။

(ဂ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ဖုန်းများမသုံးပါနှင့်။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) လျှပ်စီးလက်သောအခါ သင့်အိမ်အတွင်းရှိ သံ/သတ္တုနှင့် ဆက်စပ်သော ပစ္စည်းများအတွင်းသို့ လျှပ်စစ်စီးဝင်နေနိုင်၍ ရေမချိုးပါနှင့်၊ မည်သည့် သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။

(စ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများ ကြိုတင်တပ်ဆင်ထားပါ။

(ဆ) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်အပြင်သို့ထွက်ပါ။

(ဇ) မီးပြတ်သွားပါက ဓာတ်မီး (သို့မဟုတ်) အရေးပေါ်မီးများကိုသာ အသုံးပြုပါ။

**ကားမောင်းနေပါက**

(က) အရှိန်ကိုလျှော့ပါ။ လမ်းဘေးသို့ချရပ်ပါ။ ကားထဲတွင်သာဆက်နေပါ။

(ခ) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကို ဖွင့်ထားပါ။

(ဂ) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့်ဒဏ်ကြောင့်သော်လည်းကောင်း လဲကျနိုင်၍ ဖြစ်သည်။

(ဃ) ကားထဲတွင် မည်သည့် သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။

(င) ရေလွှမ်းနေသောလမ်းပေါ်တွင် ကားမမောင်းပါနှင့်။

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဇွန် ၄

၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးကိုကိုက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးကြသည်။ ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်မှာ "ဆေးလိပ်လုပ်ငန်း ဆွဲဆောင်မှု ရပ်တန့်နိုင်မှု တို့ရှေးရှု" ဖြစ်ကြောင်း သိရှိရသည်။

**ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ အားကစားနည်းအလိုက် နည်းပြဆရာများနှင့် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ဝတ်စုံစရိတ်များကို ပေးအပ်၍ အလှူရှင် ကိုးဦးတို့ လှူဒါန်းသည့် ငွေကျပ် ၃၉ သိန်းအား လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၆၈ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်

## ၂၀၁၂-၂၀၁၃ ပညာသင်နှစ် သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ် (၄၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်အုပ်ချုပ်ရေးရာများအတွက် ငွေကျပ်ဆယ်သိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စား ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က သင်တန်းသားစားသောက်စရိတ် ငွေကျပ်တစ်သိန်းနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် တစ်ဆယ့် သုံးသိန်း ခုနစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုတိုင်းရင်းသား သင်တန်းသား သင်တန်းသူ ၂၀၆ ဦးတို့ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# HARD BODY ရေကူးအသင်း ရေကူးပြိုင်ပွဲကျင်းပပြီးစီး

## စံချိန်သစ်(၆)ခုတင်နိုင်

ရန်ကုန် ဇွန် ၄

၂၀၁၂ ခုနှစ် ဒုတိယအကြိမ်မြောက် HARD BODY ရေကူးအသင်း မိုးရာသီ သက်တန်းအလိုက် တံခွန်စိုက်အမျိုးသား၊ အမျိုးသမီးဖိတ်ခေါ် ရေကူးပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဆက်လက်ကျင်းပရာ သက်တန်းအလိုက် မြန်မာပြည်စံချိန်ဟောင်း (၆)ခု ချိုးကြပြီး စံချိန်သစ် (၆)ခု တင်နိုင်ခဲ့ကြသည်။

ဒုတိယနေ့ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဒေါ်အယ်လ်ခွန်းရီတို့က ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲ၏ ပထမနေ့နှင့် ဒုတိယနေ့ပြိုင်ပွဲများတွင် မြန်မာပြည်စံချိန်ဟောင်း (၆)ခုချိုးနိုင်ကြပြီး စံချိန်သစ် (၆)ခု တင်နိုင်ကြရာ ၁၂ နှစ်အောက် အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ အင်ကြင်းကေခိုင်က ၁၉၉၄ ခုနှစ်က နေဝါလင်းတင်ထားခဲ့သော စံချိန်ဟောင်း ၀ မိနစ် ၄၁ ဒသမ ၆၂ စက္ကန့်ကို ၀ မိနစ် ၄၀ ဒသမ ၇၉ စက္ကန့်ဖြင့် လည်းကောင်း၊ ၁၂ နှစ်အောက် အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၌ စပယ်သင်းက ၂၀၁၀ ခုနှစ် Denk Cup ရေကူးပြိုင်ပွဲတွင် နန်းခမ်းမြတ်ခြူး တင်ထားခဲ့သော စံချိန်ဟောင်း ၀ မိနစ် ၃၈ ဒသမ ၀၉ စက္ကန့်ကို ၀ မိနစ် ၃၇ ဒသမ ၁၈ စက္ကန့်ဖြင့် လည်းကောင်း၊ ၁၀ နှစ်အောက် အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၌ ရွှန်းလဲ့မော်ဦးက ၂၀၁၁ ခုနှစ်က စပယ်သင်းတင်ထားခဲ့သော စံချိန်ဟောင်း ၀ မိနစ် ၄၀ ဒသမ ၅၀ စက္ကန့်ကို ၀ မိနစ် ၃၆ ဒသမ ၉၂ စက္ကန့်ဖြင့် လည်းကောင်း၊ ၁၀ နှစ်အောက် အမျိုးသမီးမီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၌ ၁၉၉၅ ခုနှစ်က ရီရီမြင့်တင်ထားခဲ့သော စံချိန်ဟောင်း ၁ မိနစ် ၁၆ ဒသမ ၃၄ စက္ကန့်ကို ၁ မိနစ် ၁၅ ဒသမ ၇၁ စက္ကန့်ဖြင့် လည်းကောင်း၊ ၁၀ နှစ်အောက် အမျိုးသမီး မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ရွှန်းလဲ့မော်ဦး ကပင် ၂၀၁၁ ခုနှစ်က ဆုမိုးသိမ့်စံ တင်ထားခဲ့သော စံချိန်ဟောင်း ၁ မိနစ် ၃၁ ဒသမ ၃၀ စက္ကန့်ကို ၁ မိနစ် ၃၀ ဒသမ ၀၉ စက္ကန့်ဖြင့်လည်းကောင်း၊ ၁၇ နှစ်အောက် အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ စိုးရတနာချိုက ၂၀၁၂ ခုနှစ်က ဇင်ဗြိုအောင် တင်ထားခဲ့သော စံချိန်ဟောင်း ၀ မိနစ် ၄၁ ဒသမ ၉၇ စက္ကန့်ကို ၀ မိနစ် ၄၁ ဒသမ ၆၂ စက္ကန့်ဖြင့် လည်းကောင်း အသီးသီးစံချိန်သစ်များ တင်လိုက်နိုင်ကြသည်။

ပြိုင်ပွဲများတွင် အားကြိုးမာန်တက် ကြိုးစားယှဉ်ပြိုင်ခဲ့ကြပြီး အနာဂတ် မြန်မာ့လက်ရွေးစင် ရေကူးအသင်း၌ သွေးသစ်လောင်းနိုင်မည့် အလားအလာရှိကြသော မျိုးဆက်သစ် ရေကူးအားကစားသမား မောင်မယ်တို့အား အကောင်းဆုံးအားကစားသမားဆုများကိုလည်း သက်တန်းအလိုက် ပေးအပ်ချီးမြှင့်ရာ အမျိုးသမီး ပြိုင်ပွဲများ၌ ၁၇ နှစ်အောက် စိုးရတနာချို၊ ၁၄ နှစ်အောက် ရွှေရည်အောင်၊ ၁၂ နှစ်အောက် ဆုမိုးသိမ့်စံ၊ ၁၀ နှစ်အောက် ရွှန်းလဲ့မော်ဦး၊ ၈ နှစ်အောက် လဝန်းလူလူတို့ ရရှိကြပြီး အမျိုးသားပြိုင်ပွဲများတွင် သက်ကြီးတန်း၌ အောင်မျိုးဦး၊ ၁၇ နှစ်အောက် နေအောင်လင်း၊ ၁၄ နှစ်အောက် သုမြတ်ဟိန်း၊ ၁၂ နှစ်အောက် အံ့ခေါင်ထွဋ်၊ ၁၀ နှစ်အောက် ငြိမ်းခန့်စိုးနှင့် ၈ နှစ်အောက် မင်းထက်အောင်တို့က ဆွတ်ခူးရရှိသွားကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၆-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ နံနက်ခင်းသတင်း
- ၈း၄၀ International News
- ၈း၄၅ တေးဂီတအစီအစဉ်

**ညပိုင်း**

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ တေးဂီတအစီအစဉ်
- ၄း၂၀ အတီးပြိုင်ပွဲ
- ၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၅း၄၅ **ရင်ခုန်စောင့်စားယူရိုဖလား** အုပ်စု (B)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၆း၂၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဖေဖေ့သမီး** (အပိုင်း-၉)
- ၈း၀၀ ပြည်တွင်းသတင်း
- - နိုင်ငံတကာသတင်းများ
- - နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ချစ်သမီး** (အပိုင်း-၁၂)
- - အိန္ဒိယရုပ်ရှင် **အချစ်ကိုသိချိန်** (အပိုင်း-၂)

## မြန်မာ့အလင်း ဘဝအမောပြေ

**အလကားမရဘူး** — **အာကာဟိန်း - ရေးသားသည်**

ပြင်သစ်နိုင်ငံ ပါရီမြို့ ညစ်ခံပွဲတစ်ခု၌ ဆရာဝန်တစ်ဦးနှင့် ရှေ့နေတစ်ဦးတို့ စကားလက်ဆုံကျလျက်ရှိသည်။

**ဆရာဝန်** ။ ။ **ခင်ဗျားနဲ့ တွေ့တုန်း မေးရဦးမယ်။**

ရှေ့နေ ။ ။ ဟုတ်ကဲ့. . . မေးလေ။

**ဆရာဝန်** ။ ။ **လူတွေက ကျွန်တော်နဲ့တွေ့တိုင်း ဆရာဝန်ဆိုပြီး ဘယ်ရောဂါကို ဘယ်လိုဆေးသောက်ရမလဲလို့ အမြဲတမ်းမေးနေကြတယ်ဗျာ။**

ရှေ့နေ ။ ။ သြော်. . . ဟုတ်မှာပေါ့။

**ဆရာဝန်** ။ ။ **တစ်ဦးနှစ်ဦးဆို ကိစ္စမရှိဘူး။ အခုမေးတဲ့ လူတွေများတော့ ခက်နေတယ်။**

ရှေ့နေ ။ ။ အဲဒီတော့. . . ကျွန်တော်ဘာကူညီပေးရမလဲ။

**ဆရာဝန်** ။ ။ **ခင်ဗျားတို့ လူတွေက အမှုတွေနဲ့ ပတ်သက်ပြီး မေးမြန်းရင်ကော ဘယ်လိုလုပ်သလဲ။**

ရှေ့နေ ။ ။ ကျွန်တော်နဲ့ အမှုအကြောင်း ပြောပြီးရင် ကျသင့်ငွေတောင်းခံတဲ့ ဘောက်ချာဖြတ်ပိုင်းပေးလိုက်တာပဲ။

**ဆရာဝန်** ။ ။ **ဟာ…ဟုတ်ပြီ…ကျွန်တော်လည်း အဲဒီလို ငွေတောင်းဘောက်ချာတွေလုပ်ထားရမယ်။ ခင်ဗျားကို ကျေးဇူးတင်တယ်။**

ရှေ့နေ ။ ။ ရပါတယ် . . . လောလောဆယ်တော့ အဲဒီအကြံဉာဏ်ပေးခအတွက် ဒီငွေတောင်းဘောက်ချာအတိုင်း ခင်ဗျားကျွန်တော့်ကို ပေးပါဦး။

**ဆရာဝန်** ။ ။ **" ဗျာ"**

**မေ ၂၉ ရက်က လှိုင်သာယာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့က ပံ့ကျေးသည်များ၏ ကျောင်းနေအရွယ်သားသမီး ၂၅ ဦးအတွက် ကျောင်းဝတ်စုံများကို အမှုဆောင်အရာရှိ ဦးစိုးလင်းက ပေးအပ်စဉ်။** (မြန်မာ့အလင်း)

## မြန်မာ့အလင်း သူ့အတွေး သူ့အမြင်

# ဥပေက္ခာပြုထားခြင်းခံနေရသော ကျွန်တော့်ဘဝ

**မင်းရဝေ(အရှေ့တိုင်း)**

*တကယ်တော့ ကျွန်တော်ဟာ အဆင့်အတန်းမြင့်မားသူတစ်ယောက်ပါ။ မြန်မာစာပေနယ်ပယ်မှာ မရှိမဖြစ်လိုအပ်တဲ့ အခန်းကပါဝင်နေပါတယ်။ မြန်မာစာပေလောကမှာ ကျွန်တော့်ရဲ့ အရေးပါအရာရောက်ပုံတွေကို ပညာတတ်လူတန်းစားတွေက ပိုပြီးသိကြပါတယ်။*

*ပညာတတ်လူတန်းစားတွေက ကျွန်တော့်ရဲ့ အရေးပါအရာရောက်မှုတွေကို သိပေမယ့် ကျွန်တော့်ကို ဥပေက္ခာပြုထားကြတယ်။ ကျွန်တော့်ကို လျစ်လျူရှုပြီး မြန်မာစာပေကိုရေးသားကြတယ်။ အဲဒီတော့ မမှားသင့်တဲ့အမှားတွေကို ကျူးလွန်မိကြတာပေါ့။ မြန်မာလူမျိုးဖြစ်နေပြီး မြန်မာစာကို မှန်ကန်စွာမရေးနိုင်ဘူးလို့ နိုင်ငံခြားသားတွေက အထင်သေးမှာကို ကျွန်တော်စိုးရိမ်မိတယ်။*

*ဌာနဆိုင်ရာ အသီးသီးကထုတ်ဝေတဲ့ ရုံးစာတွေမှာလည်း အမှားအယွင်းတွေ တွေ့နေရတယ်။ စာအုပ်၊ စာစောင်အချို့မှာလည်း အမှားအယွင်းတွေတွေ့နေရတယ်။ ကျွန်တော့်ကို လျစ်လျူရှုထားခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ အမှားတွေပဲလို့ ကျွန်တော်ယူဆမိတယ်။*

*မြန်မာစာပေဟာ ပါဠိစာပေရဲ့ လွှမ်းမိုးခြင်းခံခဲ့ရတယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်။ မြန်မာနိုင်ငံမှာ ပါဠိစာပေကို နှံ့စပ်ကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ ဆရာ၊ ဆရာမတွေရှိတယ်ဆိုတာလည်း ကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမယ့် သူတို့ရေးသားတဲ့ စာပေအချို့ထဲမှာ အမှားတွေတွေ့နေရတာ စိတ်မကောင်းစရာပါပဲ။ သူတို့က မြန်မာစာပေဟာ ပါဠိစာပေကဆင်းသက်လာတာပဲဆိုတဲ့ အမြင်နဲ့ သူတို့ ရေးချင်သလို ရေးကြတယ်။ မြန်မာစာပေကိုအထင်သေးတဲ့ သူတို့ရဲ့မာန်မာနတွေက ကျွန်တော့်ကိုပါ ဥပေက္ခာပြုလာတော့ အမှားတွေကို ကျူးလွန်မိတော့တာပေါ့။*

*ဘတ်(စ်)ကား၊ မော်တော်၊ သင်္ဘောစတဲ့ ခရီးသွားယာဉ်တွေမှာရေးထားတဲ့ သတိပေးစာတန်းအချို့ကလည်း အမှားမှားအယွင်းယွင်းတွေပါပဲ။ ကျွန်တော့်ကို လျစ်လျူရှုထားတဲ့ စီးပွားရေးသမားတွေရဲ့ ပြီးစလွယ်ရေးသားမှုကြောင့် မြန်မာစာပေအဆင့်အတန်း နိမ့်ကျရတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။*

*ယနေ့ မဂ္ဂဇင်းလောက၊ ဂျာနယ်လောကကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ မဂ္ဂဇင်းတွေက ပလူပျံအောင်ထွက်နေပါတယ်။ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးတွေဟာလည်း အဆင့်အတန်းမြင့်မားစွာ ထွက်နေပါတယ်။ ဒါဟာ မြန်မာစာပေရဲ့ တိုးတက်တဲ့ လက္ခဏာရပ်တွေပါပဲ။ ဒါပေမယ့် အသေအချာ ဖတ်ကြည့်လိုက်တဲ့အခါ မမှားသင့်တဲ့အမှားတွေ မှားနေတာကို တွေ့ရပါတယ်။ အမှားပြင်ဆင်ချက်မပါတဲ့ ဂျာနယ်၊ မဂ္ဂဇင်းဆိုတာ မရှိသလောက်ပါပဲ။ အဲဒီလို ဘာ့ကြောင့်မှားရသလဲဆိုတဲ့အချက်ကို ဆန်းစစ်ကြည့်လိုက်တော့ စာရေးဆရာဆိုသူအချို့နဲ့ တာဝန်ခံအယ်ဒီတာ၊ အယ်ဒီတာဆိုသူအချို့က ကျွန်တော့်ကို လျစ်လျူရှုထားခြင်းကြောင့်ပဲဆိုတဲ့အချက်ကို သွားတွေ့ရပါတယ်။ အဲဒီလိုမှားယွင်းခြင်းက တိုးတက်နေတဲ့ မြန်မာစာပေကို ဆုတ်ယုတ်စေတဲ့အပြင် မြန်မာစာပေကို စနစ်တကျလေ့လာလိုက်စားနေတဲ့ နိုင်ငံခြားသားတွေအဖို့ အထင်သေးစရာဖြစ်သွားနိုင်ပါတယ်။*

*အဲဒီတင်ပြချက်တွေကိုကြည့်ရင် ကျွန်တော့်ရဲ့ အရေးပါအရာရောက်မှုတွေကို ခန့်မှန်းနိုင်လောက်ပါတယ်။ ကျွန်တော်ဆိုတာကတော့ မြန်မာစာပေလောကမှာ မရှိမဖြစ်လိုအပ်တဲ့ "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း" စာအုပ်ကလေးပဲဖြစ်ပါတယ်ခင်ဗျာ။*

နိုင်ငံတကာသတင်းများ

# ဂါဇာကမ်းမြောင် အစ္စရေးစစ်လေယာဉ်များတိုက်ခိုက် ပါလက်စတိုင်းခုနစ်ဦးဒဏ်ရာရ

ဂါဇာစီးတီး ဇွန် ၄

အသိမ်းပိုက်ခံ ဂါဇာကမ်းမြောင်မှ နေရာသုံးနေရာကို အစ္စရေးစစ်ဘက်လေယာဉ်များ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း ဇွန် ၅ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(ဝဲပုံ)**

**တိုက်ခိုက်**

ဇွန် ၃ ရက် နံနက်စောစောပိုင်းက ဂါဇာကမ်းမြောင် အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့ကို အစ္စရေးလေယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်။

အစ္စရေးစစ်တပ်က ဂါဇာကမ်းမြောင်ကို မကြာခဏ ဗုံးကြဲတိုက်ခိုက်လေ့ရှိသည်။ ယင်းသို့တိုက်ရသည်မှာ ကာကွယ်ရေးရည်ရွယ်ချက်ဖြင့်တိုက်ရခြင်းဖြစ်သည်ဟုလည်း အစ္စရေးတို့က ပြောကြားသည်။ **(အင်တာနက်)**

# နိုင်ဂျီးရီးယားတွင် ဗုံးခွဲတိုက်ခိုက် ၁၂ ဦးသေဆုံး

ယီလ်ဝါ ဇွန် ၄

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဇွန် ၃ ရက်က ဖြစ်ပွားရာ ၁၂ ဦးသေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က ဇွန် ၄ ရက်၌ ပြောကြားသည်။

ဖြစ်ပွားမှုမှာ ယီလ်ဝါမြို့ရှိ အဆောက်အအုံတစ်ခုအတွင်းသို့ ဗုံးများအပြည့်တင်ဆောင်လာသော ကားဖြင့် ဗုံးခွဲတိုက်ခိုက်သူတစ်ဦးက အရှိန်ပြင်းစွာ မောင်းဝင်ပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် လွန်ခဲ့သည့် နှစ်နှစ်ခန့်က စတင်ကာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လူအများအပြားသေဆုံးခဲ့ရကြောင်း၊ အများစုမှာ ဗုံးခွဲ တိုက်ခိုက်မှုများကြောင့် ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခု အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်သည်ကို သေချာစွာ မသိရှိရသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

# သေနတ်နှင့် ခဲယမ်းမီးကျောက်များရောင်းချမှု ဗင်နီဇွဲလားနိုင်ငံပိတ်ပင်

ကရာကပ် ဇွန် ၄

ဗင်နီဇွဲလားနိုင်ငံတွင် ပျံ့နှံ့လာသည့်အကြမ်းဖက်မှုများ တားဆီးရေးအတွက် သေနတ်နှင့်လက်နက်ခဲယမ်းမီးကျောက် **(အောက်ပုံ)**ရောင်းချမှုများကို ဗင်နီဇွဲလားအစိုးရက တားမြစ်ပိတ်ပင်လိုက်သည်။

**ပြောကြား**

မိမိတို့နိုင်ငံသားများ၏ လုံခြုံရေးအတွက် သမ္မတချာဗက်ဇ်က ဆောင်ရွက်ခဲ့သည့်အတွက် မိမိတို့က အလေးအနက်ဆောင်ရွက်နေရကြောင်း၊ မိမိတို့သည် ရာဇဝတ်မှုများကို ဆက်လက်ချေမှုန်းနေပြီး အကြမ်းဖက်မှုအကြောင်းအရင်းများကိုလည်း ရှာဖွေဖော်ထုတ်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလား ဒုတိယသမ္မတ အယ်ဂီယက်က ပြောကြားသည်။

အကြမ်းဖက်မှုလျှော့ချရေးအတွက် အခြားသော မဟာဗျူဟာများကိုလည်း အစိုးရအနေဖြင့် အကောင်အထည်ဖော်သင့်ကြောင်း ဥပဒေပါမောက္ခတစ်ဦးက အကြံပေးထားသည်ဆိုသည်။ **(အင်တာနက်)**

# နိုင်ငံတကာသတင်းအတိုအထွာ

၄-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

## နိုင်ဂျီးရီးယားခရီးသည်တင်လေယာဉ်ပျက်ကျ၊ ၁၉၃ ဦးသေဆုံး

*လူပေါင်း ၁၅၃ ဦးတင်ဆောင်လာသောခရီးသည်တင်လေယာဉ်တစ်စင်းသည် နိုင်ဂျီးရီးယားနိုင်ငံအနောက်တောင်ပိုင်းစီးပွားရေး မြို့တော်ဖြစ်သည့် လေဂို့စ်မြို့ အထပ်နှစ်ထပ်ရှိလူနေအိမ်အဆောက်အအုံပေါ်သို့ ဇွန်၃ရက်ကပျက်ကျခဲ့ရာလေယာဉ်ပေါ် လိုက်ပါလာသူအားလုံးနှင့်အဆောက်အအုံအတွင်းရှိလူအပါအဝင် စုစုပေါင်း ၁၉၃ ဦး သေဆုံးခဲ့ကြောင်း လေကြောင်းအာဏာပိုင်များက ပြောကြားခဲ့သည်။The Dana Air အမည်ရှိ အဆိုပါ ခရီးသည်တင်လေယာဉ်ကြီးသည် လူပေါင်း ၁၅၃ ဦးကိုတင်ဆောင်ပြီး နိုင်ဂျီးရီးယားမြို့တော် အဘူဂျာမြို့မှ ပျံတက်လာပြီးနောက် လေဂို့စ်မြို့ လူနေရပ်ကွက်တစ်ခုအတွင်းရှိ နှစ်ထပ်အဆောက်အအုံတစ်လုံးပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားလေကြောင်းမှ အလုပ်အမှုဆောင်အရာရှိ ဟာအိုဒီမူက သတင်းထောက်များကို ပြောကြားခဲ့သည်။ အဆိုပါအဆောက်အအုံသည် တစ်ထပ်စီတွင် အခန်းခြောက်ခန်းစီပါရှိပြီး လူပေါင်း ၄၀ နေထိုင်လျက်ရှိကြောင်း၊ လေယာဉ်မှူးကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူခရီးသည် ၁၅၃ ဦးနှင့် ယင်းအဆောက်အအုံအတွင်းရှိ လူပေါင်း ၄၀ တို့ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းထောက်များက ဆက်လက်ပြောကြားခဲ့သည်။*

*အဆောက်အအုံတွင် အရှိန်ပြင်းသော မီးတောက်ကြီးများဝန်းရံသွားခဲ့ပြီး မီးသတ်သမားများက အချိန်ကြာမြင့်စွာ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ စစ်ဘက်ရဟတ်ယာဉ်များကလည်း အဆိုပါ ဧရိယာဝန်းကျင်လုံခြုံရေးအတွက် ရဟတ်ယာဉ်များဖြင့် ပျံဝဲစောင့်ကြပ်လျက်ရှိကြောင်း သတင်းထောက်များက ဆက်လက်ပြောကြားခဲ့သည်။ အရေးပေါ်စီမံကွပ်ကဲရေးဌာနအပါအဝင် ရဲတပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးအလုပ်သမားများနှင့် အရေးပေါ်သယ်ဆောင်ရေးအဖွဲ့တစ်ဖွဲ့တို့က မြေပြင်ကယ်ဆယ်ရေးများဆောင်ရွက်လျက်ရှိကြောင်း၊ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ နိုင်ဂျီးရီးယားအီလီကုန်တင်လေယာဉ် ဂါနာလေဆိပ်သို့ ဆင်းသက်စဉ် လမ်းချော်ကာ ကားတစ်စီးနှင့် တိုက်မိ၍ လူ ၁၀ ဦးသေဆုံးပြီး ၂၄ နာရီအကြာမှာပင် ထိုသို့ခရီးသည်တင်လေယာဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။*

## အီတလီနိုင်ငံတွင် ငလျင်ထပ်မံလှုပ်၊ အဆောက်အအုံအချို့ပြိုကျ

***အီတလီနိုင်ငံအလယ်ပိုင်းတွင် ဇွန် ၃ ရက် ညနေက အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိငလျင်တစ်ခုလှုပ်ခဲ့မှုကြောင့် အဆောက်အအုံအချို့ပြိုကျပျက်စီးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြခဲ့သည်။ ယင်းငလျင်သည် မေ ၂၀ ရက်နှင့် ၂၉ ရက်က အင်အားပြင်းငလျင်လှုပ်ခဲ့သည့်နေရာ၌ သုံးကြိမ်မြောက် ထပ်မံလှုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါငလျင်သည် ယင်းနေ့ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၂၀ ခန့်က နိုဗီဒီမိုဒါနာမြို့ မြေအောက် ၉ ဒသမ ၂ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းငလျင်ကြောင့် အဆောက်အအုံအချို့ပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း အီတလီဘူမိဗေဒနှင့် မြေငလျင်ဌာနက ပြောကြားခဲ့သည်။***

*(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

# ကာတွန်းစာအုပ်မျက်နှာဖုံးပန်းချီ ပါရီလေလံပွဲ၌ ဒေါ်လာ ၁ ဒသမ ၆ သန်းရရှိ

ပါရီ ဇွန် ၄

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇွန် ၃ ရက်က ပြုလုပ်ခဲ့သောလေလံပွဲတစ်ပွဲ၌ ၁၉၃၂ ခုနှစ်က ထုတ်ဝေခဲ့သော ကာတွန်းစာအုပ်တစ်အုပ်၏ မျက်နှာဖုံးပန်းချီကားတစ်ခုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းရှိခဲ့ကြောင်း ဇွန် ၄ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ မျက်နှာဖုံးပန်းချီကား**(အပေါ်ပုံ)**ကို ဘယ်လ်ဂျီယံစာရေးဆရာနှင့် ပန်းချီရေးဆွဲသူ ဟာဂီက ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဟာဂီရေးဆွဲခဲ့သည့် အခြားကာတွန်းစာအုပ်မျက်နှာဖုံးတစ်ခုကို ၂၀၀၈ ခုနှစ်က လေလံပွဲ၌ ရောင်းချခဲ့ရာ ယူရို ၇၆၄၀၀၀ ရရှိခဲ့သည်။

**ဝယ်ယူသွား**

ယခုလေလံပွဲ၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းရရှိခဲ့သည့် မျက်နှာဖုံးပန်းချီမှာ ကောင်းဘွိုင်တစ်ဦးကဲ့သို့ ဝတ်စားထားသောလူငယ်တစ်ဦးနှင့် ၎င်း၏နောက်တွင် လူရိုင်းနှစ်ဦးတို့ ထိုင်နေသောပုံဖြစ်သည်။ ၎င်းမျက်နှာဖုံးပန်းချီကို ပုဂ္ဂလိကပန်းချီကားဝယ်ယူစုဆောင်းသူတစ်ဦးက ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံစာရေးဆရာနှင့်ပန်းချီရေးဆွဲသူ ဟာဂီသည် ၁၉၈၃ ခုနှစ်က သေဆုံးခဲ့ပြီဖြစ်ရာ သူ၏ကိုယ်တိုင်ရေးမျက်နှာဖုံးပန်းချီကားမှာ စုစုပေါင်း ငါးခုသာရှိခဲ့သည်။ **(အင်တာနက်)**

# မြေပြင်အာကာသစခန်းသစ် အီရန်တည်ဆောက်နေ

တီဟီရန် ဇွန် ၄

အီရန်နိုင်ငံက အနာဂတ်ကာလတွင် အာကာသသို့ ဒုံးပျံများ၊ အာကာသယာဉ်များနှင့် ဂြိုဟ်တုများလွှတ်တင်ရေးအတွက် မြေပြင်အာကာသစခန်းသစ်တစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး အာမက်ဗာဟီဒီက ဇွန် ၄ ရက်တွင် ပြောကြားသည်။

အဆိုပါ အာကာသစခန်းသစ် **(ယာပုံ)**ကို အိုင်မင်ခိုမီနီဟု အမည်ပေးထားပြီး ယခုအခါ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ အာကာသစခန်း၌ အီရန်နိုင်ငံမှ ဂြိုဟ်တုများအပြင် အခြားအစ္စလမ်နိုင်ငံများမှ ဂြိုဟ်တုများကိုလာရောက်လွှတ်တင်နိုင်မည်ဖြစ်သည်။

အီရန်နိုင်ငံသည် အဆိုပါ အာကာသစခန်းသစ်မှ မကြာမီအချိန်အတွင်း ဂြိုဟ်တုသစ်တစ်လုံးကို လွှတ်တင်ရန် စီစဉ်ထားသည်။ ၎င်းဂြိုဟ်တုကို ကိုလူဟု အမည်ပေးထားပြီး အိုင်မင်ခိုမီနီအာကာသစခန်းတွင် မကြာမီတပ်ဆင်မှုများပြုလုပ်တော့မည်ဖြစ်သည်။ အီရန်နိုင်ငံ၏ ပထမဆုံးဂြိုဟ်တုအဖြစ် ပြည်တွင်းလုပ်ဂြိုဟ်တုအိုမစ်ကို ၂၀၀၉ ခုနှစ်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ ထို့ကြောင့် အာကာသရေးရာနယ်ပယ်တွင် အီရန်နိုင်ငံသည် အနာဂတ်ကာလ၌ အရေးပါသောကဏ္ဍမှ ပါဝင်လာတော့မည်ဖြစ်သည်။ **(အင်တာနက်)**

# ဖိလစ်ပိုင်အနောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်၊ သေဆုံးမှုနှင့် နေအိမ်ပျက်စီးမှုများဖြစ်ပေါ်

မနီလာ ဇွန် ၄

ဖိလစ်ပိုင်နိုင်ငံအနောက်ပိုင်း ပါလာဝမ်ပြည်နယ်တွင် ဇွန် ၄ ရက် နံနက်က မာဝါအမည်ရှိ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ဖြစ်ပေါ်ခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားခဲ့သည်။ **(အောက်ပုံ)**

မုန်တိုင်းကြောင့် ဘူဆူအင်ဂါမြို့အနီး ဆာဂရာဒါကျေးရွာတွင် ကီဝစ်မြစ်ရေလျှံခဲ့ပြီး အသက် နှစ်နှစ်နှင့် လေးနှစ်အရွယ်ရှိ ကလေးငယ်နှစ်ဦးသေဆုံးခဲ့သည်။ ထို့အပြင် အခြားလူခုနစ်ဦးလည်း ပျောက်ဆုံးလျက်ရှိကြောင်း၊ ၎င်းတို့မှာ ဒေသခံရေလုပ်သားများဖြစ်ကြကြောင်း သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ ဘီနီတိုရာမို့စ်က ပြောကြားသည်။

၎င်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၅၀ ကီလိုမီတာနှုန်း တိုက်ခတ်ခဲ့ခြင်းဖြစ်ရာ နေအိမ်အချို့ပျက်စီးခဲ့ပြီး အချို့နေရာများတွင် ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူအများအပြားကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မုန်တိုင်းကြောင့် လူဇုန်မြို့ဆိပ်ကမ်းတွင် ရေကြောင်းခရီးသွားကြမည့် ခရီးသည် ၁၃၀၀ ကျော်လည်း သောင်တင်လျက်ရှိသည်။ အထူးသဖြင့် ဘာတာနက်စ်မြို့နှင့် ဘာစကိုမြို့တို့တွင် ရေလွှမ်းမှုများဖြစ်ပွားလျက်ရှိသည်။ **(အင်တာနက်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှင့် လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၁၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၂ ပါးနှင့် လူပုဂ္ဂိုလ် ၁၄ ဦးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသအား ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**ဆက်လက်၍ တာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ်အမျိုးသားသုံးဦးနှင့် အမျိုးသမီး ၁၁ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်အသုံးအဆောင်များ ပေးအပ်

**နေပြည်တော် ဇွန် ၄**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာသင်ကြားလျက်ရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်အသုံးအဆောင်များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၄နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဝန်ကြီး ဦးခင်ဇော်က အမှာစကားပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၃၉ဦးတို့အား ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်း၊ ဦးခင်ဇော်တို့နှင့် တာဝန်ရှိသူများက ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်အသုံးအဆောင်များကို ပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

**ပေးအပ်ခဲ့**

ယနေ့ပေးအပ်သည့် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်အသုံးအဆောင်များကို အထက်တန်းကျောင်းသား ကျောင်းသူ ၁၀ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၆ဦး၊ မူလတန်း ကျောင်းသား ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၃၉ ဦးတို့အတွက် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၂၉၂၁၇၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန်ထရိုက်တိုက်နှင့် ဘီစီစီပြဿနာ

**ခင်လေးမြင့်အောင်**

*ရန်ကုန် ဇွန် ၄*

*ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ကြရာ၌ လူနေထိုင်ခွင့်ပါမစ်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေကြရသောကြောင့် အိမ်ခန်းပိုင်ရှင်များနှင့် ကန်ထရိုက်တာများအတွက် အဆင်မပြေမှုများ ဖြစ်လာနေကြောင်း ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရှိရသည်။*

*"ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး အလျင်အမြန်ပြီးချင်တာပေါ့။ တိုက်တစ်တိုက်ကို ဆောက်ပြီးရင် သတ်မှတ်ချိန်အပြီးဆောက် ဒါမှလည်း အခန်းတွေရောင်းဝယ်ရေးကိစ္စဆောင်ရွက်နိုင်မှာပါ။ လက်ရှိမှာ ဆောက်လုပ်ရေးလုပ်ငန်းအများစုက ကြိုပွဲငွေ့စနစ်နဲ့ သွားနေကြတာများတယ်။ အခန်းရှင်တွေက ငွေကို အဆောက်အအုံဖောင်ဒေးရှင်းချကတည်းက အရစ်ကျစနစ်နဲ့ ဝယ်ထားကြတယ်။ အခန်းတွေပြီးလို့ ဘီစီစီလို့ခေါ်တဲ့ အဆောက်အအုံပြီးစီးကြောင်း သက်သေခံလက်မှတ် လူနေထိုင်ခွင့်ရတဲ့အချိန်ကျမှ နောက်ဆုံးအရစ်ကို တောင်းကြရတယ်။ အခန်းတွေကလည်း ပြီးနေပြီ။ ကျွန်တော်တို့ဘက်ကလည်း ငွေလိုအပ်နေလို့ အခန်းတွေအပ်ပြီး ငွေတောင်းချင်ပေမယ့် ဘီစီစီမကျသေးတဲ့အတွက် ငွေကြေးကြန့်ကြာမှုတွေ ဖြစ်လာရတယ်။ အဆောက်အအုံများများဆောက်တဲ့ ကန်ထရိုက်တွေဆိုရင် အဆောက်အအုံတွေအများစုက ပြီးနေပေမယ့် ဘီစီစီမကျသေးတဲ့အတွက် ငွေကျန်နေလို့ ရှေ့ဆောက်လုပ်မယ့် အလုပ်တွေတောင် ရပ်ထားရတာမျိုးဖြစ်ရတယ်" ဟု ကန်ထရိုက်တာ ဦးဝင်းအောင်(ထိပ်တန်း)က ပြောပြပါတယ်။*

*နောက်ထပ်အကြောင်းအရင်းတစ်ခုမှာ ကန်ထရိုက်တာများအနေနှင့် အဆိုပါ ဘီစီစီရရှိမှသာလျှင် အဆောက်အအုံအတွက် ကြိုတင်* Deposits *ငွေကိုလည်း သက်ဆိုင်ရာမှ ပြန်လည်ထုတ်ယူခြင်းကြောင့် ဖြစ်သည်။*

*"အိမ်ပြန်ဆောက်တော့ အိမ်ငှားပြီးနေရတယ်။ အိမ်ဆောက်တာက ပြီးသွားပြီဆိုပေမယ့် ကိုယ့်အိမ်ကို တက်နေလို့မရဘူးလေ။ သက်ဆိုင်ရာက လာမစစ်သေးတော့လည်း အိမ်ငှားနေရတယ်။ အများစုက အိမ်ပြီးတာနဲ့ တက်ချင်ကြတာပါ။ ဘီစီစီကျဖို့ဆိုရင် အိမ်ပြီးချိန်ကနေ လနဲ့ချီပြီးစောင့်ရတယ်"ဟု အိမ်ပိုင်ရှင်တစ်ဦးက အတွေ့အကြုံကို ပြောကြားသည်။*

*"အဆောက်အအုံတစ်ခု ဆောက်လုပ်ပြီးပြီဆိုတာနဲ့ ကျွန်တော်တို့ဆီကနေသွားပြီး စစ်ဆေးရတာပေါ့။ သူတို့ အမှန်တကယ် ပုံစံတင်တဲ့အတိုင်းဆောက်ရဲ့လား။ အဆောက်အအုံရဲ့ အရည်အသွေး၊ လိုအပ်ချက်တွေ၊ ရေစနစ်တွေ၊ မီလ္လာစနစ်တွေ၊ အထပ်ရေတွေအားလုံး သတ်မှတ်ထားတာနဲ့ ကိုက်ညီလားဆိုတာတွေကို လိုက်လံစစ်ဆေးရပါတယ်။ ဒါတွေကို စစ်ဆေးပြီးတဲ့အရာရှိတွေက အဆင့်ဆင့်အတည်ပြုပြီး အဆောက်အအုံပြီးစီးကြောင်း သက်သေခံလက်မှတ်ကို ထုတ်ပေးတာပါ"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူက ရှင်းပြသည်။ ထိုသို့ကြန့်ကြာမှုများကြောင့် ရန်ကုန်မြို့တွင်း ရပ်ကွက်အများစုရှိ အသေးစားဆောက်လုပ်ရေးလုပ်ငန်းအများစု၌ ဘီစီစီရရှိမှုအထိ မစောင့်ဆိုင်းကြတော့ဘဲ တက်ရောက်နေထိုင်သူများပြားလာခဲ့ကြောင်းလည်း ကန်ထရိုက်များထံမှ သိရသည်။*

*"အမှန်က ဘီစီစီရမှ တက်လို့ရမယ်။ ဒါပေမယ့်နားလည်မှုနဲ့ အိမ်ရှင်က အရင်ဆုံးတက်တယ်။ ပြီးတော့ အခန်းပိုင်ရှင်တွေကလည်း လာပြီးနေထိုင်ကြတာပေါ့။ ဘီစီစီ စစ်မယ်ဆိုတဲ့နေ့ကျမှ အခန်းတွေကို ပြန်ပြီးရှင်းလင်းတာမျိုး၊ လူမနေတဲ့ပုံသဏ္ဍာန် ဖန်တီးပြထားတာမျိုး စတာတွေဖြစ်လာရတယ်။ ဘီစီစီသာ စောစောရခဲ့မယ်ဆိုရင် အခုလိုမျိုး မရိုးမသားနေထိုင်တဲ့ပြဿနာတွေ ကင်းသွားနိုင်တယ်။ အခုတော့ ကန်ထရိုက်တိုက်အများစုမှာ ဒီလိုပြဿနာတွေရှိလာတယ်"ဟု တာမွေမြို့နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။*

# သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းဖွင့်

**ရမည်းသင်း ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည် (ရုံးခွဲ) မန္တလေးနှင့် ရမည်းသင်းခရိုင်တို့ပူးပေါင်း၍ သစ်သီးဝလံအခြေခံစားသောက်ကုန်များထုတ်လုပ်ရေးနည်းပညာသင်တန်း ခရိုင်အဆင့် (ဒုတိယအကြိမ်) သင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီကကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး အထက်မြန်မာပြည်(ရုံးခွဲ) မန္တလေးမှ သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်ဆွေဇင်စန်း **(အပေါ်ပုံ)**က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ငါးရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၄၁၆)**

*** ရှေ့ဖုံးမှ**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် Brunei Room ၌ ကျင်းပသော New Energy Architecture for East Asia ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဇွန် ၁ ရက်တွင် Shangri-La Hotel, Ayutthaya/ Plenary Hall ၌ကျင်းပသည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ တတိယမြောက်နေ့အစီအစဉ်တွင်ပါရှိသည့် The Promise and Future of Myanmar ခေါင်းစဉ်ဖြင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေက ရှင်းလင်းပြောကြားရာ၌ လက်ရှိဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု၊ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နေမှု၊ ပြည်သူများ၏ အခြေခံအခွင့်အရေးများရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရေးဆောင်ရွက်နေမှုများ၊ ပြည်သူများ အဓိကလိုလားချက်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေး ဆောင်ရွက်နေမှုများ၊ ပြည်သူများ၏ ဒုတိယလိုလားချက်ဖြစ်သည့် ခိုင်မာတောင့်တင်းသော စီးပွားရေးဖြစ်ပေါ်ရေးဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏အနာဂတ်ကာလဖြစ်ပေါ်လာမည့် အလားအလာကောင်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်အား အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘာ့စီးပွားရေးဖိုရမ်တည်ထောင်သူနှင့် အမှုဆောင်ဥက္ကဋ္ဌ Professor Mr. Klaus Schwab က မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့၊ ပိုမိုရောင်းချရမှုနှင့် ဈေးကွက်အခြေခံသည့် ငွေကြေးလဲလှယ်နှုန်းအရ အသားတင်ဝင်ငွေတိုးတက်ရရှိနေမှုနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက အသားတင်ဝင်ငွေရရှိမှုမှ လူမှုရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရှေ့ဆက်လက်၍ တိုးမြှင့် သုံးစွဲသွားရန်ရှိကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစည်းအဝေးရက်များအတွင်း ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Arak Chonlatanon ဦးဆောင်သောအဖွဲ့၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Sihasak Ketkeow ဦးဆောင်သောအဖွဲ့နှင့် PTT Public Co., Ltd. ၏ President and Chief Executive Officer,Dr.Pailin Chuchottaworn ဦးဆောင်သောအဖွဲ့တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ အကူအညီပံ့ပိုးပေးရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် Shangri-La Hotel ၌ ကျင်းပသည့် ခရီးသွားကဏ္ဍနှင့် သက်ဆိုင်သည့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲအတားအဆီးများ ဖြေလျှော့ရေး၊ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုတိုးတက်မြင့်မားရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ကြော်ငြာမှုနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ခရီးသွားကဏ္ဍတွင် မြန်မာနိုင်ငံက တက်ကြွစွာ ပူးပေါင်းပါဝင်နေမှု၊ အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာ (၂၀၁၁-၂၀၁၅)၏ လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုအခြေအနေ၊ ဒေသတွင်းပေါင်းကူးဆက်သွယ်မှု အစီအစဉ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံရှိ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းများ၊ ခရီးသွားလုပ်ငန်းစနစ်တကျနှင့် ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်သည် မေ ၃၁ ရက်တွင် Shangri-La Hotel, Shangri - La Lobby ၌ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ Senior Director, Head of Industries, Mr. Roberto Bocca ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ ၍ New Energy Architecture ကို မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်နိုင်ရေးနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးကာ အဆိုပြုချက်အား အမြန်ဆုံးတင်ပြရန် ညှိနှိုင်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက ဝန်ထမ်းသားသမီး ၂၂ ဦးအား ကျောင်းသုံးစာရေးကိရိယာနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။** (၀၁၀)

❑ *ကျောဖုံးမှ*

ထောက်ပံ့ကူညီမှုနဲ့ Cyclone Shelter လို့ခေါ်တဲ့ မုန်တိုင်းဒဏ်ခံအဆောက်အအုံ ဧရာဝတီတိုင်းဒေသကြီးမှာ ၅၄ လုံးနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ နှစ်လုံး တည်ဆောက်ပေးခဲ့ပါတယ်။

သို့ပေမယ့် ဤမျှနဲ့ မလုံလောက်သေးတာမို့ ဧရာဝတီတိုင်းဒေသကြီးမှာ နောက်ထပ်မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၄၅ လုံး ထပ်မံတည်ဆောက်ပေးမယ်လို့ ကြားသိလိုက်ရတော့ စာရေးသူအလွန်ပဲ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။ ဒါဟာ လူမှုရေးလုပ်ငန်းတစ်ခုလို့ဆိုပေမယ့် ကုသိုလ်ရေးလုပ်ငန်းတစ်ခု ဆိုရင်လည်း မမှားပါဘူး။

အဲဒီ ဝမ်းသာပီတိဖြစ်ဖွယ်စကားကို ဇွန် ၄ ရက်နေ့က နေပြည်တော် ဇမ္ဗူသီရိဟိုတယ်မှာကျင်းပတဲ့ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက် မိတ်ဆက်ပွဲမှာ ကြားသိခဲ့ရတာဖြစ်ပါတယ်။

အဲဒီအခမ်းအနားမှာ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက "ကျွန်တော်တို့နိုင်ငံရဲ့ မြေမျက်နှာသွင်ပြင်အနေအထားအရ မြစ်ဝကျွန်းပေါ်ဒေသမှာ နာဂစ်လို ပြင်းထန်တဲ့ ဆိုင်ကလုန်းမုန်တိုင်းမျိုး ထပ်မံဖြစ်ပေါ်ခဲ့ရင် ပျက်စီးဆုံးရှုံးမှုတွေက ယခင်လိုပဲ အများကြီးဖြစ်ပွားဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်က ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ထားဖို့ လိုအပ်နေပါသေးတယ်။ နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတော်အဖွဲ့အစည်းများရဲ့ ပံ့ပိုးပေးမှုနဲ့ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၅၆ လုံးခန့် တည်ဆောက်ပေးထား ပေမယ့် ပြီးခဲ့တဲ့လများမှာ ကျွန်တော်ကိုယ်တိုင် ကွင်းဆင်းလေ့လာမှုအရ အဲဒီဒေသမှ စာသင်ကျောင်းတစ်ဖြစ်လဲ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၄၅ လုံးခန့် လိုအပ်နေသေးတာ တွေ့ရှိခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှု တစ်ခုတည်းကိုပဲကြည့်ရင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ အတွင်း အထောက်အထားများအရ ဧပြီလ၊ မေလနှင့် အောက်တိုဘာလမှ ဒီဇင်ဘာလအထိကို ဆိုင်ကလုန်းမုန်တိုင်းရာသီအဖြစ် သတ်မှတ်ထားပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ အတွင်း မြန်မာနိုင်ငံမှာ ပြင်းထန်တဲ့ ဆိုင်ကလုန်းမုန်တိုင်း (၈)ကြိမ်ဝင်ရောက်ခဲ့ပါတယ်။ အဲဒါတွေကတော့ ၁၉၆၈ (စစ်တွေမုန်တိုင်း)၊ ၁၉၇၅ (ပုသိမ်မုန်တိုင်း)၊ ၁၉၈၂ (ဂွမုန်တိုင်း)၊ ၁၉၉၄ (မောင်တောမုန်တိုင်း)၊ ၂၀၀၆ (မာလာမုန်တိုင်း)၊ ၂၀၀၇ (အကက်ရှ်မုန်တိုင်း)၊ ၂၀၀၈ (နာဂစ်မုန်တိုင်း)နဲ့ ၂၀၁၀ (ဂီရိမုန်တိုင်း)တို့ပဲ ဖြစ်ကြပါတယ်။ စစ်တွေမုန်တိုင်းကြောင့် လူဦးရေ ၁၀၃၇ ဦးသေဆုံးခဲ့ပြီး ပုသိမ်မုန်တိုင်းကြောင့် လူဦးရေ ၃၀၄ ဦးသေဆုံးခဲ့ရပါတယ်။ ၂၀၀၈ ခုနှစ် မေလမှာ တိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်းအတွင်း လူပေါင်း ၈၄၅၃၇ ဦးသေဆုံးခဲ့ပြီး ၅၃၈၃၆ ဦးပျောက်ဆုံးခဲ့ကာ လူဦးရေ ၂ ဒသမ ၄ သန်းကို ထိခိုက်စေခဲ့တဲ့အတွက် မြန်မာ့သမိုင်းမှာ အပြင်းထန်ဆုံး၊ အဆိုးရွားဆုံး သဘာဝဘေးဖြစ်တာကို တွေ့ရပါတယ်။ တန်ဖိုးအားဖြင့် မြန်မာကျပ်ငွေ ၁၁ ဒသမ ၇ ထရီလီယံတန်ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် အောက်တိုဘာလမှာ တိုက်ခတ်ခဲ့တဲ့ ဂီရိမုန်တိုင်းကြောင့် လူ ၅၈ ဦး သေဆုံးခဲ့ပါတယ်။

တကယ်တော့ မြန်မာနိုင်ငံဟာ ရေမြေအနေအထားအရ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြုံတွေ့နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မုန်တိုင်း၊ မုန်တိုင်းဒီရေလှိုင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ မြေငလျင်၊ ဆူနာမီ၊ မိုးခေါင်ခြင်း၊ မီးဘေးနှင့် တောမီးစသောသဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကမ်းရိုးတန်းဒေသတွေဟာ ဆိုင်ကလုန်းမုန်တိုင်းတွေ၊ မုန်တိုင်းဒီရေလှိုင်းနဲ့ ဆူနာမီတွေကို ရင်ဆိုင်ရနိုင်ဖွယ်ရှိပြီး နိုင်ငံရဲ့နေရာအနှံ့အပြားမှာ မီးဘေးနဲ့ အချို့ဒေသတွေမှာ မြေငလျင်၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်းတို့ကိုကြုံတွေ့နိုင်ပါတယ်။ အချို့ဒေသတွေမှာ မိုးသည်းထန်ခြင်းကြောင့် ရေလွှမ်းမိုးတာကိုလည်း မကြာခဏ ကြုံတွေ့ရတတ်ပါတယ်။ ၂၀၀၀-၂၀၀၁မှ ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ၁၀နှစ်တာကာလတွင် ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်တွေအနက် ၇၃ ရာခိုင်နှုန်းဟာ မီးဘေး၊ ၁၁ ရာခိုင်နှုန်းဟာ ရေလွှမ်းမိုးခြင်း၊ ၁၂ရာခိုင်နှုန်းဟာ လေပြင်းမုန်တိုင်းတွေနဲ့ အခြားလေးရာခိုင်နှုန်းဟာ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီနှင့် မြေပြိုခြင်းတို့ဖြစ်ကြောင်း သိရပါတယ်။

အဲဒီကာလတွေက မုန်တိုင်းအတွက် ကြိုတင်မှုတွေ အားနည်းခဲ့တာကြောင့် ခုလို လူအသေအပျောက်နဲ့ ပျက်စီးဆုံးရှုံးမှုတွေ များပြားခဲ့တာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာလည်း မုန်တိုင်းရဲ့ ဝင်ပေါက်တစ်ခုဖြစ်နေတာမို့ ရခိုင်ပြည်နယ်မှာလည်း အဲဒီလိုခိုင်ခံ့တဲ့ အဆောက်အအုံနဲ့ မိုးရေကျော်ကန်တွေ တည်ဆောက်ပေးသွားမယ်လို့ သိရပါတယ်။

**လပွတ္တာခရိုင် ပြင်စလူမြို့ရှိ Cyclone Shelter အမှတ်(၁)ကို တွေ့ရစဉ်။**

**တည်ဆောက်ထား**

တကယ်တော့ ဒီမုန်တိုင်းဒဏ်ခံအဆောက်အအုံတွေဟာ မုန်တိုင်းဝင်နိုင်တဲ့ မိုးတွင်းကာလအတွက်သာ အသုံးဝင်ရုံမကဘဲ မိုးလေကင်းပြီး မုန်တိုင်းကင်းတဲ့အချိန်တွေမှာလည်း ဒေသခံတွေအတွက် များစွာအထောက်အကူပြုတဲ့ အဆောက်အအုံတွေပဲ ဖြစ်ပါတယ်။ ဟော-အခုဆိုပြီးခဲ့တဲ့ နာဂစ်ကိုအကြောင်းပြုလို့ တည်ဆောက်ထားတဲ့ မုန်တိုင်းဒဏ်ခံ Cyclone Shelter တွေဟာ ဒေသခံတွေအတွက် စာသင်ကျောင်းတွေ၊ ဆေးပေးခန်း၊ ဆေးရုံတွေဖြစ်နေပါပြီ။

လပွတ္တာမြို့နယ်အတွင်းက မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွေမှာဆိုရင် စာသင်ကျောင်း ၁၄ ကျောင်း၊ ဆေးရုံတစ်ရုံ၊ ဖျာပုံမြို့နယ်ထဲက မုန်တိုင်းဒဏ်ခံအဆောက်အအုံတွေမှာဆိုရင် စာသင်ကျောင်း ကိုးကျောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အတွင်းမှာဆိုရင် စာသင်ကျောင်း နှစ်ကျောင်း၊ ဘိုကလေးမြို့နယ်အတွင်းမှာဆိုရင် စာသင်ကျောင်း ငါးကျောင်း၊ ဒေးဒရဲမြို့နယ်အတွင်းမှာဆိုရင် စာသင်ကျောင်း ငါးကျောင်း၊ ငပုတောမြို့နယ်အတွင်းမှာဆိုရင် စာသင်ကျောင်း ၁၂ ကျောင်းနဲ့ ဆေးပေးခန်းတစ်ခန်းဖွင့်လှစ်ထားကြောင်း သိရှိရပါတယ်။

**ဖွင့်လှစ်ထား**

အဆင့်မြင့်စာသင်ကျောင်းတွေအနေနဲ့ ငပုတောမြို့နယ် ချောင်းဝကျေးရွာမှာရှိတဲ့ Cyclone Shelter နဲ့ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ Cyclone Shelter တွေမှာ အစိုးရနည်းပညာအထက်တန်းကျောင်းတွေ ဖွင့်လှစ်ထားကြောင်း သိရှိရပါတယ်။

ယခု ဧရာဝတီတိုင်းဒေသကြီးမှာ တည်ဆောက်မယ့် Cyclone Shelter ၄၅ လုံးကို ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးရယ်လို့ သတ်မှတ်တည်ဆောက်သွားမှာဖြစ်ပြီး ငပုတောမြို့နယ်မှာ နှစ်လုံး၊ လပွတ္တာမြို့နယ်မှာ တစ်လုံး၊ ပြင်စလူမှာငါးလုံး၊ ဟိုင်းကြီးကျွန်းမှာ နှစ်လုံး၊ ဖျာပုံမြို့နယ်မှာ တစ်လုံး၊ ဘိုကလေးမြို့နယ်မှာ နှစ်လုံး၊ ဒေးဒရဲမြို့နယ်မှာ နှစ်လုံး စုစုပေါင်း ၁၅ လုံးကို ပထမဦးစားပေးအဖြစ် တည်ဆောက်ပေးသွားမှာဖြစ်ပြီး တည်ဆောက်မှုကာလကို သာမန်အားဖြင့် နှစ်နှစ် သတ်မှတ်ထားပေမယ့် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အလှူရှင်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေရဲ့ ကူညီပံ့ပိုးမှု တိုးပွားလာတာနဲ့အမျှ အဆောက်အအုံတွေ တည်ဆောက်မှုဟာလည်း လျင်မြန်စွာ ပြီးစီးနိုင်မယ်လို့ သိရပါတယ်။

တကယ်တော့ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) တည်ဆောက်ရေးလုပ်ငန်းဟာ လူ့အသက်ကိုကယ်တင်တဲ့လုပ်ငန်း၊ လူမှုရေးလုပ်ငန်းဖြစ်သည်သာမက ကုသိုလ်ရေးလုပ်ငန်းလည်းဖြစ်တာမို့ အလှူရေစက် လက်နဲ့မကွာရှိကြတဲ့ အလှူရှင်တွေအတွက် အခွင့်အရေးကောင်း တစ်ရပ်ပါပဲလို့ အသိပေးရင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# လှပသော ကမ္ဘာဆီသို့ နောက်တစ်ခေါက်

လူသားနှင့်သက်ရှိအားလုံး၏ အလိုလားဆုံး ဆန္ဒတစ်ခုတည်းကိုသာ ပြောပါဆိုလျှင် အဖြေသည် "အသက်ရှင်ရပ်တည်လိုမှု" ဟူ၍ ဖြစ်ပါလိမ့်မည်။ ငြင်းပယ်မည့်သူရှိမည်မဟုတ်ပါ။ ဤကမ္ဘာမြေပေါ်တွင် လူနှင့်သတ္တဝါတို့ မည်သို့ရှင်သန်လာကြသည်ကို ဆန်းစစ်ကြပါစို့။ သိပ္ပံပညာရှင်များက ဤမြေကမ္ဘာကို လွန်ခဲ့သော နှစ်သန်းပေါင်း ၅၀၀ က ပေါ်ထွန်းခဲ့သည်ဟု ခန့်မှန်းကြပါသည်။ ကမ္ဘာပေါ်ထွန်းစတွင် သတ္တဝါများ အသက်ရှင်သန်နေထိုင်ခြင်းမရှိသေးပါ။ ကမ္ဘာကြီးသည် အေးနေပြီး လူသတ္တဝါတို့ အသက်ရှင်နိုင်ရန်သင့်တော်သော ရာသီဥတုမရှိသေး၍ ဖြစ်ပါသည်။ တဖြည်းဖြည်း လူသတ္တဝါတို့ အသက်ရှင်နေထိုင်ရန် သင့်တော်အောင် မှန်လုံအိမ်ဓာတ်ငွေ့များက ဖန်တီးထိန်းညှိပေးခဲ့၍ လူသတ္တဝါများအသက်ရှင်သန်ခဲ့ရပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့များ၏ ထိန်းညှိမှုကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်ရာသီဥတုပြောင်းလဲကာ အေးနေသောကမ္ဘာကြီးသည် တစ်စတစ်စပူနွေးလာပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၏ ထိန်းညှိမှုကြောင့် အသင်ရှင်သန်ရန်သင့်တော်သောရာသီဥတုအခြေအနေသို့ရောက်ရှိခဲ့ပြီး သက်ရှိတို့ဖြစ်တည်ခဲ့ရပါသည်။ ဆိုလိုသည်မှာ သက်ရှိတို့၏ အသက်ရှင်ရပ်တည်မှုကို ကမ္ဘာ့ရာသီဥတုပြောင်းလဲဖြစ်ပေါ်ခြင်းဖြင့် တည်ဆောက်ခဲ့ပါသည်။ တစ်နည်းဆိုသော် ကမ္ဘာဦးအစတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း၏အကျိုးဆက်ကြောင့် လူ၊ သတ္တဝါနှင့် သစ်ပင်ပန်းမန်တို့ အသက်ရှင်ရပ်တည်ခွင့်ရသည့် လှပသောကမ္ဘာကြီးဖြစ်တည်ခဲ့ရပေသည်။ လူဦးရေမှာလည်း တစ်စတစ်စ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ရာ ဘီစီ(၁၀၀၀)က လူသားသန်းပေါင်း ၅၀ သာရှိခဲ့သော ကမ္ဘာကြီးသည် ယနေ့ လူသားသန်း ၇၀၀၀ ကျော်ခဲ့လေပြီ။ သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ လေထုအတွင်းရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၏ပမာဏသည် အေးသောကာလများတွင် (၁၈၀) ppm (Parts Per Million) သာရှိခဲ့ပြီး ပူနွေးသောကာလများတွင် (၂၈၀) ppm သာ အများဆုံးဖြင့် သက်ရှိတို့၏ ရှင်သန်ခွင့်ကို စတင်ခဲ့ရာ ယခုကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၏ ppm သည် ၂၀၁၀ ပြည့်နှစ်တွင် (၃၇၈) ppm သို့ မြင့်တက်ပြီး ကမ္ဘာကြီးလည်း ပိုမိုပူနွေးလျက်ရှိနေပါသည်။ ဤသို့ ကမ္ဘာ့ရာသီဥတုပြောင်းလဲရခြင်းသည် ကမ္ဘာကြီးကိုထိန်းသိမ်းရန် အမှတ်မထင်မေ့လျော့နေပြီး ကမ္ဘာ့သယံဇာတများစွာ ထုတ်ယူသုံးစွဲမှုများခြင်းနှင့် စွမ်းအင်များထုတ်နုတ်သုံးစွဲမှုများခြင်းတို့ကြောင့် ဖြစ်ပေါ်ရပေရာ အောက်ပါတို့သည်ကမ္ဘာ့ရာသီဥတုပြောင်းလဲရခြင်း၏ အဓိကအကြောင်းရင်းများအဖြစ် တည်ရှိနေပါသည်-

(က) ကမ္ဘာကြီးတွင် စွမ်းအင်အမျိုးမျိုးအရှိန်အဟုန်ဖြင့်သုံးစွဲနေခြင်း၊
(ခ) ကမ္ဘာ့လူဦးရေတိုးတက်လာခြင်း၊
(ဂ) မြို့ပေါ်နေလူဦးရေတိုးတက်လာပြီး လူနေမှုစနစ်ပုံစံပြောင်းလဲလာ၍ စက်မှုကုန်ပစ္စည်းအသုံးများလာခြင်း၊
(ဃ) စက်မှုကုန်ပစ္စည်းများတိုးတက်လာခြင်း၊
(င) ပြည်ပကုန်သွယ်မှုတိုးတက်လာခြင်း၊
(စ) ရေကြောင်း လေကြောင်းနှင့် ကုန်းလမ်းသုံးယာဉ်များ တိုးမြင့်လာခြင်း၊
(ဆ) ကမ္ဘာ့ကျောက်မီးသွေးသုံးစွဲမှု တိုးတက်များပြားလာခြင်း၊
(ဇ) သဘာဝဓာတ်ငွေ့နှင့် ရေနံပိုမိုသုံးစွဲလာခြင်း၊
(ဈ) လျှပ်စစ်ဓာတ်အားအပါအဝင် အခြေခံစွမ်းအင်များ သုံးစွဲမှုများပြားလာခြင်းတို့ကြောင့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လုပ်မှုများပြားကာ ကမ္ဘာကြီးပူနွေးရခြင်းဖြစ်ပါသည်။

ကမ္ဘာကြီးပူနွေးလာရခြင်း၏အကျိုးဆက်အဖြစ် ကမ္ဘာတွင်-

(က) တောမီးလောင်ခြင်း၊
(ခ) ရေခဲတောင်များ အရည်ပျော်ကျလာခြင်း၊
(ဂ) အပူလှိုင်းများဖြစ်ပေါ်ခြင်း၊
(ဃ) မုန်တိုင်းကြီးများဖြစ်ပေါ်လာခြင်း၊
(င) လယ်ယာစိုက်ပျိုးမြေများ လျော့နည်းသွားခြင်း၊
(စ) မြေဆီမြေနှစ်များလျော့နည်း၍ လယ်ယာထွက်ကုန်များ လျော့နည်းခြင်း၊
(ဆ) သစ်တောများပြုန်းတီးခြင်း၊
(ဇ) သဲကန္တာရများဖြစ်ထွန်းလာခြင်း၊
(ဈ) မြေငလျင်လှုပ်ခြင်းစသော ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ ဖြစ်ပေါ်ရပါသည်။

**ဖွားစော(လူမှု)**

ထို့ပြင် လူများ၏ စိတ်ပိုင်းဆိုင်ရာတွင်လည်း ခံစားချက်အနှောင့်အယှက်များလည်း ဖြစ်ပေါ်ပါသည်။ ဤသို့ စိတ်ပိုင်း၊ ရုပ်ပိုင်းပြဿနာများဖြစ်ပေါ်ရခြင်းမှာ မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုများပြားကာ ကမ္ဘာ့ရာသီဥတုပြောင်းရခြင်းကြောင့် ဖြစ်သည်မှာ ငြင်းစရာမရှိပါ။

သို့ပါ၍ မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျော့နည်းအောင် ဆောင်ရွက်နိုင်ရန် ပညာရှင်များက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် အကြံပြုထားပါသည်။

(က) ရုပ်ကြွင်းလောင်စာများအစား ပြန်ပြည့်မြဲစွမ်းအင်ကို အသုံးပြုရန်၊
(ခ) လောင်စာကုန်ကျမှုသက်သာသော စွမ်းအားမြင့်မီးဖိုများ အသုံးပြုရန်၊
(ဂ) စွမ်းရည်မြင့်သော လျှပ်စစ်ပစ္စည်းများသုံးရန်၊
(ဃ) ပစ္စည်းဟောင်းနှင့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးချကြရန်၊
(င) အများပြည်သူသုံးဘတ်စ်ကားနှင့် မီးရထားများ စီးနင်းစေရန်၊
(စ) တိရစ္ဆာန်များ၏ မစင်များမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်အသုံးချရန်၊
(ဆ) စွန့်ပစ်အမှိုက်ပုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်အသုံးချရန်၊
(ဇ) စပါးခင်းများမှ မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှုလျော့နည်းစေရန်၊
(ဈ) မြေသြဇာများသုံးစွဲရာတွင် နိုက်ထရပ်အောက်ဆိုက် ထုတ်လွှတ်မှုလျော့နည်းအောင် ပြုပြင်ပေးရန်၊
(ည) စားမြို့ပြန်တတ်သော မွေးမြူရေးတိရစ္ဆာန်များ၏ အစားအစာကို ပြုပြင်ပေးရန်၊
(ဋ) အိမ်များ၊ ရုံးများ အဆောက်အအုံများကို အဖြူရောင်ခေါင်မိုးများ မိုးရန်၊
(ဌ) နေရောင်ခြည်စွမ်းအင်နှင့် လေအားစွမ်းအင်များအသုံးချမှုနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် ပေါ်ပေါက်လာသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်သော

(က) ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် စိတ်ပိုင်းဆိုင်ရာလုပ်ငန်းစဉ်များအကြား အပြန်အလှန်ဆက်သွယ်ရေးများ၊
(ခ) ရာသီဥတုပြောင်းလဲခြင်းကြောင့် တစ်ဦးချင်းစီနှင့် ရပ်ရွာများ၏ ကျန်းမာရေးပြဿနာများကို ဖြေရှင်းနိုင်မည့် အထိရောက်ဆုံး ဖြေရှင်းနည်းများ၊
(ဂ) ဒေသစွဲ၊ ဒေသသံယောဇဉ်တို့နှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာဘေးအန္တရာယ်များ၏ သက်ရောက်မှုများ၊
(ဃ) ရာသီဥတုပြောင်းလဲမှုကြောင့် မတူညီသော ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှုများ၊
(င) ရာသီဥတုပြောင်းလဲမှုအကျိုးဆက်ဖြစ်သော သဘာဝအရင်းအမြစ်များ ရှားပါးမှုကြောင့် အုပ်စုတွင်း ဆက်ဆံရေးကို ထိခိုက်စေခြင်း၊
(စ) ပညာပေးလုပ်ငန်းများ၏ အပြုသဘောဆောင်သော တုံ့ပြန်မှုစသော စိတ်ပိုင်းဆိုင်ရာလိုအင်များရှာဖွေ၍ မှန်ကန်သော နည်းစနစ်ဖြင့် ဖြည့်ဆည်းနိုင်ရန်၊ စိတ်ပညာရှင်များအနေဖြင့် ပိုမိုထိရောက်သော နည်းလမ်းများရရှိစေရေး၊ သုတေသနလုပ်ငန်းအမျိုးမျိုးပြုလုပ်ခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်နိုင်ရန် ကူညီပံ့ပိုးပေးခြင်းတို့ လိုအပ်ပါသည်။

ကမ္ဘာတည်စမှ ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်အဖြစ် သက်ရှိတို့တဖြည်းဖြည်းဖြစ်တည်လာကာ လူသားများနေထိုင်ခွင့်၊ ပျော်ရွှင်ခွင့်နှင့် တိုးတက်မှုများရရှိခဲ့ပါသည်။ တန်ခိုးရှင်များဖန်ဆင်းခဲ့သည်ဟု တင်စားလောက်အောင် သဘာဝပတ်ဝန်းကျင်လှပခဲ့သော ဤကမ္ဘာကြီးသည် ယခုအခါတွင် လူသားများ၏ ထိန်းသိမ်းမှုအားနည်း၍ ရုပ်ဝတ္ထုပိုင်းယိုယွင်းပြီး ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်သော လူသားတို့တွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအများအပြားရှိလာချေပြီ။ သို့ဖြစ်ရာ အချိန်မီကာကွယ်စောင့်ရှောက်မှုများပြု၍ လှပသောကမ္ဘာကြီးသို့ နောက်တစ်ခေါက်အရောက်လှမ်းကြပါစို့ဟု နှိုးဆော်အဖော်ညှိအပ်ပါသည်။ ။

**ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်းသားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၉ရက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက ကျောင်းသား ကျောင်းသူ ၁၇ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၂၆၀၀၀ ကို ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအား ပေးအပ်စဉ်။ (ဝ၃၁)**

● *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်နေမှုများ၊ စပါးမျိုးစေ့သိုလှောင်ထားရှိမှုများ၊ စပါးအခြောက်ခံစက်နှင့် စပါးမျိုးစေ့သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးကြပြီး စိုက်ကွင်းအတွင်း မိုးစပါးရာသီတွင် ရွှေတောင်သုတေသနခြံမှ ထုတ်လုပ်သည့် ပုလဲသွယ် ဘာစမာတီစပ်မျိုးစပါးဧက ၃၀၀ကို စက်မှုလယ်ယာစနစ် ကောက်စိုက်စက်များ အပြည့်အဝအသုံးချပြီး ရာသီချိန်အမီ စိုက်ပျိုးအကောင်အထည်ဖော်သွားရန်နှင့် $F_1$ မျိုးစေ့ထုတ်လုပ်ငန်းများအား မိုးရာသီတွင် ဧက ၅၀ သုတေသနပြု စိုက်ပျိုးဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ် စံပြစက်မှုလယ်ယာဧက ၁၀၀၀၀ စိုက်ကွင်းအတွင်းရှိ Green Asia စိုက်ပျိုးရေး အထူးပြုကုမ္ပဏီ၊ ဆင်းရွှေလီ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများ၏ စိုက်ကွင်းများသို့ သွားရောက်၍ စိုက်ပျိုးရိတ်သိမ်းထားသော စပါးများသိုလှောင်ထားရှိမှု၊ ရာသီသီးနှံများနှင့် သစ်သီးဝလံများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့ပေါ်တွင် လူစုလူဝေးဖြင့် ရဲစခန်းအား လာရောက်ဖျက်ဆီးသဖြင့် ရှင်းလင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ စက်ရုံစုရပ်ကွက်လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်၌ ဇွန် ၃ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် အောင်ကျော်စိုး (စိစစ်ဆဲ)ပါ သုံးဦးနှင့် ဦးအောင်သန်းဝေ (၄၅)နှစ် (ဘ) ဦးစိန်လှ အကွက်(၆) စက်ရုံစုရပ်ကွက် စစ်တွေမြို့တို့ ဈေးကောက် ကောက်ခံသည့်ကိစ္စအားမကျေနပ်၍ စကားအချေအတင်ဖြစ်ကြရာမှ ဦးအောင်သန်းဝေက အသင့်ပါလာသောဓားဖြင့် ခြိမ်းခြောက်ထွက်ပြေးသွားကြောင်း အောင်ကျော်စိုးပါ သုံးဦးအဖွဲ့မှ စစ်တွေအမှတ်(၁) ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သည်။

၎င်းည ၇ နာရီခွဲတွင် ဦးအောင်သန်းဝေ၏ဇနီး ဒေါ်အောင်သန်းမြပါ အမျိုးသမီး ၁၀ ဦးတို့ အမှတ် (၁)ရဲစခန်းသို့ရောက်ရှိလာပြီး ၎င်း၏ခင်ပွန်း ပျောက်ဆုံးနေကြောင်းအကြောင်းကြားစဉ် ရဲစခန်း၌ လူအင်အား ၅၀ ခန့် စုဝေးရောက်ရှိခဲ့ပြီး တဖြည်းဖြည်း အင်အား ၂၀၀ ခန့်ထိ ရှိလာခဲ့ကြောင်း၊ ထိုသို့လူများစုဝေးနေစဉ် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ဦးအောင်မြကျော် (စစ်တွေမြို့နယ် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဋ္ဌ)က ဦးအောင်သန်းဝေမှာ ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဝင်တစ်ဦးဖြစ်ပြီး ၎င်းအား မိမိရှာဖွေပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည့်အတွက် လူစုကွဲပြီး ဦးအောင်သန်းဝေ၏ဇနီး ဒေါ်အောင်သန်းမြတို့ ရဲစခန်းမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

တစ်ဖန် ည ၉ နာရီတွင် အမှတ်(၁)ရဲစခန်းရှေ့၌ လူအင်အား ၃၀၀ခန့် ပြန်လည်စုဝေး ရောက်ရှိလာပြန်ရာ ဦးအောင်မြကျော်က ဦးအောင်သန်းဝေအား ခေါ်ဆောင်ပေးမည်ဖြစ်ကြောင်းနှင့် လူစုခွဲကြရန်ပြောဆိုပြီး ထွက်ခွာသွားခဲ့သည်။

၎င်းနောက် ည ၁၀ နာရီကျော်ခန့်တွင် ဒေါက်တာအေးမောင် (ဥက္ကဋ္ဌ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ)၊ ဦးကျော်သိန်း (ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး)တို့ ရဲစခန်းသို့ရောက်ရှိလာခဲ့သည်။ ည ၁၀ နာရီ မိနစ် ၄၀ခန့်တွင် ဦးအောင်မြကျော်က ဦးအောင်သန်းဝေအား ရဲစခန်းသို့ ခေါ်ယူလာပြီး လူစုခွဲကြရန် ပြောဆိုခဲ့သော်လည်း လူအုပ်စုမကွဲဘဲ ည ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် ရဲစခန်းအတွင်းသို့ ပုလင်းကွဲ၊ ခဲများဖြင့်ပစ်ပေါက်ခဲ့ရာ ရဲစခန်းအဆောက်အအုံ အမိုးပေါက်ပြဲခြင်း၊ အိမ်ထောင်သည်လိုင်း အမိုးပေါက်ပြဲခြင်း၊ ရဲတပ်ဖွဲ့ပိုင်ယာဉ်နှစ်စီး ရှေ့လေကာမှန်များ ကွဲကြေပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

ယာဉ်အမှတ် ၇ခ/၆၅၆၄ ၏ ရှေ့လေကာမှန် ပျက်စီးသွားသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ည ၁၁ နာရီ ၁၀ မိနစ်တွင် အဆိုပါလူစုလူဝေးသည် စခန်းအဝင်ဝ တံခါးမကြီးအားဖျက်ဆီး၍ ရဲစခန်းအတွင်းသို့ ဝင်ရန်ကြိုးစားလာခဲ့ရာ ရဲစခန်းမှတပ်ဖွဲ့ဝင်များက အသံပေးခြောက်လှန့်ပစ်ခတ်ခဲ့သည်။ သို့သော် လူစုကွဲမသွားဘဲ ည ၁၁ နာရီ ၁၅ မိနစ်တွင် ရဲစခန်းအဝင်မီးအား ရိုက်ခွဲ၍ ရဲစခန်းတံခါးမကြီးအား ဖျက်ဆီးဝင်ရောက်ရန် ထပ်မံကြိုးစားလာခဲ့ပြန်သဖြင့် ထပ်မံပစ်ခတ်လူစုခွဲခဲ့ရရာ ထိုလူစုမှာရဲစခန်း၏ ဘေး ဘယ်/ညာသို့ ပျံ့နှံ့သွားခဲ့သည်။ သို့သော်လည်း စခန်းပတ်ဝန်းကျင်တွင် လူစုကွဲသွားခြင်းမရှိသည့်အတွက် ဇွန် ၄ ရက် နံနက် ၁ နာရီတွင် တာဝန်ကျတပ်ဖွဲ့ဝင်များက အဓိကရုဏ်းလက်နက်နှင့် မီးခိုးဗုံးအသုံးပြု၍ လူစုခွဲခဲ့ရသည်။ အဆိုပါ လူအုပ်စုသည် နံနက် ၃ နာရီတွင် လမ်းမကြီးလမ်းနှင့် ဦးဥတ္တမလမ်းဆုံရှိ ရိုးမဘဏ်ရှေ့ရှိ (PCO)အဆောက်အအုံအား မီးရှို့ဖျက်ဆီးခဲ့ကြသည်။

**အဝင်တံခါးမကြီးပျက်စီး**

ရဲစခန်း အဝင်တံခါးမကြီး ပျက်စီးသွားသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

### ဖမ်းဆီးထိန်းသိမ်း

အဆိုပါဖြစ်စဉ်တွင် အရပ်သား ၁၂ ဦး ပေါက်ပြဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် စစ်တွေဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး လူစုလူဝေးတွင် ပါဝင်သူ ၉ ဦးအား ဖမ်းဆီးထိန်းသိမ်းစစ်ဆေးလျက်ရှိသည်။

လက်ရှိအချိန်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကိစ္စရပ်များအား ဥပဒေရေးဆွဲ၍ ခွင့်ပြုခဲ့ပြီးဖြစ်သည်။ သို့သော် ဤကဲ့သို့ မင်းမဲ့စရိုက်ဆန်ပြီး ဥပဒေနှင့် ဆန့်ကျင်သော အုပ်စုဖွဲ့ လှုပ်ရှားမှုများ၊ ဥပဒေမဲ့လုပ်ရပ်များအား မည်သို့မျှ လက်သင့်ခံ၍ မရနိုင်ပေ။ သို့ပါ၍ အဆိုပါ ဖြစ်စဉ်အပေါ် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည့်အပြင် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သံတွဲမှ ရန်ကုန်သို့ မောင်းနှင်လာသော ရိုးမသစ္စာခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ မွတ်ဆလင်ကုလား ၁၀ ဦး အသတ်ခံရ

**နေပြည်တော် ဇွန် ၄**

ဇွန် ၃ ရက် နံနက် ၆ နာရီတွင် တောင်ကုတ်မြို့ပေါ်ရှိ လူစည်ကားသောနေရာများ၌ လွန်ခဲ့သော မေ ၂၈ ရက်က ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းကျေးရွာနေ မသီတာထွေးအား ရက်စက်စွာ စော်ကားခံရသောဖြစ်စဉ်နှင့် ပတ်သက်၍သေဆုံးသူ၏ဓာတ်ပုံနှင့် မွတ်ဆလင်ကုလားများ၏ ရခိုင်အမျိုးသမီးများအားရည်ရွယ်ချက်ရှိရှိဖြင့် ရက်စက်ယုတ်မာမှုများကို တောင်ကုတ်မြို့ပေါ်နေ ပြည်သူများသိစေရန် အသိပေးနှိုးဆော်ခြင်း ခေါင်းစဉ်ဖြင့် ဝံသာနုရက္ခိတအဖွဲ့ တောင်ကုတ်မြို့အမည်ဖြင့် စာများဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

ယင်းသို့စာများ ဖြန့်ဝေခဲ့ပြီးနောက် ညနေ ၄ နာရီတွင် သံတွဲမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ရိုးမသစ္စာမော်တော်ယာဉ်လိုင်းမှ မှန်လုံယာဉ်သည် တောင်ကုတ်မြို့ အေးရိပ်ငြိမ်ကားကြီးဝင်းသို့ ရောက်ရှိခဲ့ပြီး ခရီးသည်များ အတင်အချပြုလုပ်ရန် ခေတ္တရပ်နားစဉ် ယာဉ်ပေါ်တွင် မွတ်ဆလင်ကုလားများပါလာကြောင်း သတင်းပြန့်သွားခဲ့ပြီး မြို့ခံလူထုများဝိုင်းအုံရောက်ရှိလာခဲ့ကြောင်း၊ ထိုသို့ လူအုပ်စုဝိုင်းအုံလာသဖြင့် ဂိတ်မှူးက အဆိုပါမော်တော်ယာဉ်အား အမြန်ထွက်ခွာစေခဲ့ရာ ထွက်ခွာသွားသည့်မော်တော်ယာဉ်နောက်သို့ ဆိုင်ကယ်ဖြင့် လူအချို့လိုက်ပါသွားပြီး မော်တော်ယာဉ်အား မြို့တွင်းသို့ ပြန်လည်မောင်းနှင်ရန်စေခိုင်းခဲ့ကြောင်း၊ ထိုသို့ ပြန်လည်မောင်းနှင်ခဲ့ရာမှ သံတွဲ-တောင်ကုတ် ကားလမ်းဆုံ (တောင်ကုတ်မြို့တွင်း ပြည်မြို့အထွက်)သို့ ရောက်ရှိစဉ် အသင့်စောင့်နေသည့် လူ ၃၀၀ ခန့် အုပ်စုက ပိတ်ဆို့တားဆီးကာ ယာဉ်ကိုရပ်တန့်စေခဲ့ပြီး ယာဉ်ပေါ်ပါလာသည့် မွတ်ဆလင်ကုလားများအား အတင်းဆွဲချရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ယာဉ်ပေါ်ပါ မွတ်ဆလင်ကုလား ၁၀ ဦး သေဆုံးခဲ့သည့်အပြင် မော်တော်ယာဉ်လည်း ဖျက်ဆီးခံခဲ့ရကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ ရောက်ရှိထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ယင်းနေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် လူစုကွဲသွားခဲ့ကြောင်း သိရှိရသည်။

သေဆုံးသူများတွင် ဘာသာရေးကိစ္စဖြင့် သံတွဲမြို့သို့ ရောက်ရှိခဲ့ရာမှ သက်ဆိုင်ရာမြို့များသို့ ပြန်ကြသူများပါဝင်ပြီး တောင်တွင်းကြီးမြို့မှခြောက်ဦး၊ မြောင်းမြမြို့မှ နှစ်ဦးနှင့် သံတွဲမြို့မှနှစ်ဦးဖြစ်ကြောင်း၊ အဆိုပါသေဆုံးသူများ၏ ရုပ်အလောင်းများအား သံတွဲမြို့ မွတ်ဆလင်သချိုင်း၌ ယနေ့ သင်္ဂြိုဟ်ခဲ့ပြီးဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီဖြစ်စေရေးအတွက် လိုအပ်သောစုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေတွင် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အနောက်တောင်မုတ်သုံလေဝင်ရောက်

**နေပြည်တော် ဇွန် ၄**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

**"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"**
**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"**

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြု ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# စက်ချုပ်သင်ပြီးပြန်လာသည့် ရမ်းဗြဲမြို့ သပြေချောင်းကျေးရွာနေ အမျိုးသမီးအား လူသုံးဦးက သားမယားပြုကျင့်ပြီး ဓားဖြင့်ထိုးသတ်ကာ ရွှေထည်ပစ္စည်းများယူဆောင် ပြစ်မှုကျူးလွန်သူများအား ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၄**

မေ ၂၈ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းကျေးရွာနေ မသီတာထွေး အသက် ၂၇ နှစ်(ဘ) ဦးလှတင်သည် ကျောက်နီမော်ကျေးရွာ စံပြရပ်ကွက်မှ စက်ချုပ်သင်ပြီး နေအိမ်သို့ ပြန်လာစဉ် ကျောက်နီမော်ကျေးရွာ ကျောက်ထရံရပ်ကွက်နှင့် ချောင်းဝရွာသို့ သွားသော တာပေါင်လမ်းဘေးရှိ ကုက္ကိုပင်အနီး ပျားတော(ဒီရေတော)၌ ၎င်းအား အမည်မသိလူများက ဓားဖြင့်ထိုးသတ်သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ လူသတ်မှုသတင်းကို သေဆုံးသူ၏အစ်ကိုဖြစ်သူ ဦးဝင်းမောင်က ကျောက်နီမော်ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ရာ ရဲစခန်းမှ ပထမသတင်းပေး တိုင်ချက်အမှတ် (ပ)၂၃/၂၀၁၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၈၂ (လူသတ်မှု/ လုယက်မှု)အရ အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

### ခေါ်ယူစစ်ဆေး

အမှုနှင့်ပတ်သက်၍ တရားခံများအား အချိန်မီဖမ်းဆီးနိုင်ရေးအတွက် ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် မေ ၂၉ ရက် နံနက်ပိုင်းတွင် ကျောက်နီမော်ကျေးရွာသို့ ရောက်ရှိပြီး ဆက်စပ်သတင်းဖော်ထုတ်ခဲ့ရာ မသင်္ကာသူများဖြစ်ကြသော ထက်ထက်(ခ)ရော်ရှီး (ဘ) ဦးကျော်သောင်း (ဘင်္ဂါလီ/အစ္စလာမ်) ကျောက်နီမော် (တောင်ပိုင်းရပ်ကွက်)၊ ရော်ဖီး(ဘ)ဆွေယော့တာမောက် (ဘင်္ဂါလီ/ အစ္စလာမ်) ကျောက်နီမော် (သာယာရပ်)နှင့် ခိုချီး(ဘ)အကွယ်ချေ(ဘင်္ဂါလီ/ အစ္စလာမ်) ကျောက်နီမော်(သာယာရပ်) တို့ သုံးဦးတို့အား ခေါ်ယူစစ်ဆေးခဲ့သည်။

### ဖော်ထုတ်ရရှိ

စစ်ဆေးဖော်ထုတ်ချက်အရ သေဆုံးသူ မသီတာထွေးမှာ သပြေချောင်းကျေးရွာမှ ကျောက်နီမော်ကျေးရွာသို့ စက်ချုပ်သင်ရန် နေ့စဉ်သွားရောက်သည်ကို ထက်ထက်(ခ)ရော်ရှီးက တွေ့မြင်ပြီး မိန်းမယူရန် လိုအပ်သည့်ငွေရရှိရေးအတွက် မသီတာထွေးဝတ်ဆင်ထားသည့် လက်ဝတ်ရတနာပစ္စည်းများကို ရယူလိုသဖြင့် ရော်ဖီးနှင့် ခိုချီးတို့နှစ်ဦးအား ခေါ်ဆောင်ကာ အခင်းဖြစ်နေရာအနီးရှိ ကုက္ကိုပင်မှ စောင့်နေခဲ့ကြောင်း၊ အခင်းဖြစ်သည့်နေ့ညနေတွင် မသီတာထွေး တစ်ဦးတည်းပြန်လာစဉ် ဓားဖြင့်ထောက်၍ တောစပ်ထဲသို့ ပွေ့ဖက်ခေါ်ယူပြီး သားမယားအဖြစ် တစ်ယောက်တစ်ကြိမ်စီ ပြုကျင့်ကာ လည်ပင်းအား ဓားဖြင့်လှီးဖြတ်ခဲ့ကြကြောင်း၊ ၎င်းဝတ်ဆင်ထားသည့် MC ရွှေဆွဲကြိုး အပါအဝင် ရွှေထည်ပစ္စည်း ငါးမျိုးအား ယူဆောင်ခဲ့ကြောင်း ဖော်ထုတ်ရရှိသည်။

ဖြစ်စဉ်အပေါ်အခြေခံ၍ မလိုလားအပ်သော လူမျိုးရေးပဋိပက္ခ မဖြစ်ပွားစေရေးအတွက်လည်းကောင်း၊ တရားခံများအပေါ် မကျေနပ်သူ ရွာသူ၊ ရွာသားများက ဝိုင်းဝန်းရန်ပြုလာနိုင်သောကြောင့်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က စောင့်ကြည့်ပြီး မေ ၃၀ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တရားခံသုံးဦးအား ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့ဖြင့် ကျောက်ဖြူအကျဉ်းထောင်သို့ ပို့ဆောင်ချုပ်နှောင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယင်းနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ကျောက်နီမော်ကျေးရွာမှ ရခိုင်လူမျိုး စုစုပေါင်း ၁၀၀ ခန့်သည် ကျောက်နီမော်ရဲစခန်းအနီးသို့ ရောက်ရှိလာပြီး ဖမ်းဆီးထားသော ထက်ထက်(ခ)ရော်ရှီးပါ သုံးဦးတို့အား ပြန်လည်ထုတ်ပေးရန်တောင်းဆိုခဲ့ကြရာ ရဲစခန်းတွင်မရှိကြောင်းနှင့် ကျောက်ဖြူထောင်သို့ ပို့ဆောင်ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ရှင်းပြခဲ့ကြောင်း၊ သို့သော် လူစုက မကျေနပ်သဖြင့် ရဲစခန်းအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားလာရာ ကျောက်နီမော်ရဲစခန်းမှ သေနတ်ငါးချက် ခြောက်လှန့်ပစ်ဖောက်၍ လူစုခွဲခဲ့ရကြောင်း၊ ထို့ပြင် ၎င်းနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် ကျောက်နီမော်ကျေးရွာမှ ရခိုင်လူမျိုး ၁၀၀ ခန့်သည် ရမ်းဗြဲမြို့သို့ ထွက်ခွာသွားကြကြောင်း၊ ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့သည်လည်း ရွာသူ ရွာသားများနှင့် ညှိနှိုင်းဖြေရှင်းရန်အတွက် ညနေပိုင်းတွင် ရမ်းဗြဲမြို့သို့ ရောက်ရှိခဲ့ပြီး ဆူပူအုံကြွမှုမဖြစ်စေရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း။

### ပေးအပ်

ထို့ပြင် မေ ၃၀ ရက် ညနေ ၄ နာရီတွင် ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ မွာဝတီခန်းမ၌ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘကြည်တို့က ဆူပူအုံကြွမှုမဖြစ်စေရေးအတွက် ရှင်းလင်းပြောကြားခဲ့သဖြင့် ကျောက်နီမော်ကျေးရွာမှ ရွာသူ ရွာသားများသည် ၎င်းနေ့ ညနေ ၅ နာရီ မိနစ် ၄၀တွင် ရမ်းဗြဲမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး မေ ၃၁ ရက် နံနက် ၉ နာရီတွင် ရမ်းဗြဲမြို့မှ ရေယာဉ်နှစ်စင်းဖြင့် ကျောက်နီမော်ကျေးရွာသို့ ပြန်လည်ထွက်ခွာ သွားခဲ့ကြကြောင်း၊ အဆိုပါ ကျောက်နီမော် ရွာသူရွာသားများထံသို့ ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ခင်က ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မသီတာထွေး နာရေးအတွက် အလှူငွေကျပ် ခြောက်သိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်က သင်္ကန်းငါးစုံနှင့် ငွေကျပ်တစ်သိန်းတို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

### ဆောင်ရွက်လျက်ရှိ

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီး မေ ၃၁ ရက် ညနေ ၃ နာရီ ၅ မိနစ်တွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့ ပါဝင်သောအဖွဲ့သည် ကွယ်လွန်သူ မသီတာထွေး၏ အသုဘအား လိုက်ပါပို့ဆောင်ခဲ့ပြီး ကျောက်နီမော် ရွာသူရွာသားများနှင့် ဆွေးနွေးခဲ့ကြောင်း၊ ဇွန် ၁ ရက် နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးဦးဆောင်သော အဖွဲ့သည် ကျောက်ဖြူမြို့သို့ထွက်ခွာပြီး ရိပ်သာ၌ မသီတာထွေး အသတ်ခံရမှုနှင့် ပတ်သက်၍ ကျောက်ဖြူမြို့နယ် လူငယ်အဖွဲ့နှင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် တရားခံများအား အချိန်မဆွဲဘဲ ထိရောက်သည့် ပြစ်ဒဏ်များချမှတ်သွားမည်ဖြစ်ကြောင်း၊ တရားစီရင်စဉ် တရားရုံး၌ လူအုပ်စုများ မဖြစ်ကြရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ခဲ့ကြသော တရားခံသုံးဦးအား စနစ်တကျ စစ်ဆေးဖော်ထုတ်လျက် တရားဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့မျှော်လင့်ချက် ခေါင်းဆောင်ကြီးများသို့

**နိဒါန်း**

ပဏာမအနေဖြင့် ကျွန်တော်ဟာ ဒီစာစုကို မရဲတရဲ ချီတုံချတုံဖြင့် အကြိမ်ကြိမ်အခါခါ စဉ်းစားခဲ့ပြီးမှ နောက်ဆုံးစိုးရိမ်စိတ်များ ထုံလွှမ်းနေသော ပူပန်မှုကြောင့် ရေးသားရခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ တစ်ဖန် ကျွန်တော့်ထက်ပိုမိုပြီး အမြင်ကျယ်၊ အတွေးအခေါ် နက်ရှိုင်းကြသည်မှာ သေချာနေသော နိုင်ငံရေးခေါင်းဆောင်နှစ်ဦး အပေါ်တွင်လည်း တစ်စုံတစ်ရာသက်ရောက်ရာ ရောက်လေမလားဆိုတဲ့ စိုးရိမ်စိတ်များလည်းရှိနေပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်နဲ့ ပြည်သူလူထု၊ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ တစ်ခေတ်မှာတစ်ယောက် ပေါ်ထွန်းခဲ့လှတဲ့ မျှော်လင့်ချက်ခေါင်းဆောင်နှစ်ဦးတို့နဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်ထဲက စစ်မှန်တဲ့ စေတနာ၊ ခိုင်မာတဲ့ သစ္စာတရားတို့ကြောင့် ရေးသားလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

**မြန်မာ့ခြေလှမ်းသစ်ဖြစ်သော ကမ္ဘာ့စီးပွားရေးဖိုရမ်**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် မကြာသေးခင်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာကျင်းပခဲ့တဲ့ အာရှပစိဖိတ်ဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် တက်ရောက်ခဲ့တဲ့သတင်းဟာ ပြည်တွင်းပြည်ပမီဒီယာများမှာ ခေါင်းကြီးသတင်း၊ ကြားဖြတ်သတင်းများအဖြစ် ဖော်ပြပါရှိခဲ့တာ တွေ့ရှိရပါတယ်။ အထူးသဖြင့် ကျွန်တော်နေထိုင်ရာ အမေရိကန်ပြည်ထောင်စုမှာ ဒီသတင်းဟာ ထူးခြားသတင်းအဖြစ် တွေ့မြင်ရပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးရဲ့အာရုံဟာ ဒီဖိုရမ်အပေါ်မှာ ရောက်ရှိနေတယ်လို့ပြောရင် လွန်မယ်မထင်ပါဘူး။

ကျွန်တော်တို့လို ပြည်ပနိုင်ငံတွေကို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေအတွက်လည်း စိတ်ဝင်စားစရာဖြစ်ပါတယ်။ သမ္မတဦးသိန်းစိန်ရော၊ ဒေါ်အောင်ဆန်းစုကြည်ပါ တက်ရောက်ကြမယ့်ပွဲလို့ သိထားခဲ့တာကြောင့်ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံ ပြန်ရောက်သွားပြီးနောက်ပိုင်း တစ်ခါမျှ ပြည်ပထွက်ခွာခဲ့တာ မဟုတ်တဲ့အတွက် သူ့အတွက် ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်နေတာလည်း ပါပါတယ်။ သမ္မတ ဦးသိန်းစိန်ရဲ့ ဒီမိုကရေစီလမ်းဖွင့်မှုအပေါ် စမ်းသပ်ချက်တစ်ခုလို့လည်း အမေရိက မီဒီယာတွေမှာ ဖော်ပြနေကြပါတယ်။ ပိုပြီးဝမ်းမြောက်ဖို့ကောင်းတာက နောင်နှစ်မှာ ကျင်းပမယ့် အဲဒီဖိုရမ်ကို ကျွန်တော်တို့နိုင်ငံမှာ ကျင်းပမယ်လို့ သိလိုက်ရတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒါဟာကျွန်တော်တို့မြန်မာနိုင်ငံ ကမ္ဘာ့အလယ် စင်မြင့်ထက်ကို တစ်လှမ်းချင်း တစ်လှမ်းချင်း တက်လှမ်းနေတာပဲလို့ ကျွန်တော်ကတော့ ထင်မြင်မိပါတယ်။ ပြီးတော့ ကြက်သီးထလောက်အောင်လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုအချိန်မှာ စာရေးသူတို့နိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုတွေနဲ့ နိုင်ငံ့ပုံရိပ်လည်း ပြောင်းလဲလာခဲ့ပါပြီ။

**အဝေးမှလူတစ်ဦးရဲ့ စိုးရိမ်သောကများ**

ဒေါ်အောင်ဆန်းစုကြည်နဲ့ စွမ်းအင်ဝန်ကြီးဦးသန်းဌေးတို့ နှစ်ဦးစလုံးရဲ့ပြောကြားချက်တွေကို ကျွန်တော်စိတ်ဝင်တစားနဲ့ လေးလေးနက်နက်နားထောင်ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေရဲ့သဘောထားဟာ ဒီပြောကြားချက်(၂)ရပ်အပေါ်မှာ မူတည်နေတာကြောင့်လည်း ဖြစ်ပါတယ်။ ပြီးတော့လည်း နိုင်ငံတော်သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ခေါင်းဆောင်ကြီး(၂)ဦးဟာလည်း နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ ဘုံအကျိုးစီးပွားအတွက် မတူညီတာတွေ ဘေးဖယ်ထားပြီး တူညီတာတွေ ပူးပေါင်းဆောင်ရွက်သွားကြဖို့ အပြန်အလှန်လက်ခံသဘောတူထားတာကြောင့်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဒီပြောကြားချက်(၂)ရပ် ဆန့်ကျင်ဘက်အသွင် ဝိရောဓိသဘောဆောင်နေရင် ခက်ခက်ခဲခဲ တည်ဆောက်ထားတဲ့ယုံကြည်မှုတွေ (ခေါင်းဆောင်နှစ်ဦးကြားက အပြန်အလှန် ယုံကြည်မှုအပြင် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ယုံကြည်မှုလည်း ပါဝင်ပါတယ်) လွင့်ပြယ်သွားမှာ စိုးရိမ်တဲ့စိတ်နဲ့ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ကျွန်တော်သက်ပြင်းချနိုင်ခဲ့ပါတယ်။ နှစ်ဦးစလုံးရဲ့ ပြောကြားချက်တွေမှာ အခြေခံတူညီမှုတွေများပါတယ်။ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အမြန်ဆုံးဖန်တီးပေးနိုင်ဖို့အတွက် လုပ်သားအရင်းပြု စက်မှုလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုပြုကြဖို့ ဖိတ်ခေါ်တိုက်တွန်းသွားခဲ့တာ တွေ့ရှိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က Job Creation Investment ကို အလေးပေးပြောကြားသွားသလို စွမ်းအင်ဝန်ကြီး ဦးသန်းဌေးကလည်း Labour-Intensive Industry ကို အလေးပေးဖိတ်ခေါ်သွားတာ တွေ့ရှိရပါတယ်။

ဒါပေမယ့် ကျွန်တော့်သောကတွေ မပျောက်ပျက်နိုင်ပါဘူး။ ဒီဖိုရမ်အပြီးမှာ ထိုင်းနိုင်ငံကိုသွားရောက်မယ့် သမ္မတကြီးရဲ့ခရီးစဉ် ရွှေ့ဆိုင်းလိုက်တဲ့သတင်း ကြားသိရပါတယ်။ State Department က ကျွန်တော့်အသိမိတ်ဆွေတစ်ဦးက ကျွန်တော့်ကို ဖုန်းဆက်ပြီး မေးလာပါတယ်။ ဘယ်လိုဖြစ်တာလဲဆိုတဲ့အမေးပါ။ ဒါနဲ့ပတ်သက်လို့ နယူးယောက်တိုင်းမ်သတင်းစာမှ ဆောင်းပါးရှင် သောမတ်စ်ဖူလာက သမ္မတဦးသိန်းစိန် စိတ်ကွက်သွားပုံရတယ်လို့ ထင်မြင်ချက်ရေးထားတာ တွေ့ရှိရပါတယ်။

ဒီအပေါ်မှာ ကျွန်တော်စိုးရိမ်မိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းများစွာမျှော်လင့်တောင့်တခဲ့တဲ့ အရုဏ်ဦးကို ကျွန်တော်တို့မြင်တွေ့ရတာ မကြာသေးပါဘူး။ ကျွန်တော်တို့နိုင်ငံသားတွေ ခေတ်အဆက်ဆက် မက်ခဲ့ရတဲ့ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးအိပ်မက်တွေ အခုမှ မြင်မက်နိုင်ခါစဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ အရပ်ရပ်ခိုင်မာမှုတွေနဲ့ တောင့်တင်းခြင်းမရှိသေးသလို ကျွန်တော်တို့ လူ့အဖွဲ့အစည်းဟာလည်း ကျွန်တော်အခုရောက်ရှိနေတဲ့ အမေရိကန်ပြည်ထောင်စုက လူ့အဖွဲ့အစည်းလိုဖြစ်လာအောင် ကျွန်တော်တို့ အများကြီး ကျင့်ကြံအားထုတ်ကြရဦးမှာ ဖြစ်ပါတယ်။

**စကားလုံးတစ္ဆေများ အခြောက်မခံရစေလို**

၂၀၁၀ရွေးကောက်ပွဲတွေမတိုင်မီကတည်းက ကျွန်တော်နဲ့ရင်းနှီးတဲ့ State Department က မိတ်ဆွေတချို့၊ ကွန်ဂရက်က မိတ်ဆွေတချို့ကို ပြောဖူးတာရှိပါတယ်။ ဘားမားလို့ခေါ်တာကို မင်းတို့အစိုးရက ဘာဖြစ်လို့ ခါးခါးသီးသီး ဖြစ်နေတာလဲဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ပြောဖြစ်တာပါ။ ကျွန်တော်တို့ရဲ့သမိုင်းကြောင်းနဲ့ အမျိုးသားရေးစိတ်ဓာတ်ကို ကျွန်တော်ရှင်းပြခဲ့ပါတယ် ။ ဒီတော့ သူတို့ကပြောပါတယ်။ အဓိပ္ပာယ်က ပညတ်နဲ့ ပရမတ် ခွဲခြားသိဖို့ဆိုတဲ့အဓိပ္ပာယ်မျိုးပါ။ ဒီတော့ ကျွန်တော် သူတို့ကိုပြောပြပါတယ်။ “ကောင်းပြီ မစ်ချယ်၊ မင်းနာမည်မစ်ချယ်ကို ငါက မခေါ်ဘူး၊ မင်းကို မင်းနာမည်မဟုတ်တဲ့ ကလင်တန်လို့ခေါ်မယ် မင်းကြိုက်မလား၊ လက်ခံနိုင်သလား” ဆိုတော့ သူတို့သဘောပေါက်သွားပါတယ်။ ပြီးတော့မှ ကျွန်တော်ရှင်းပြပါတယ်။မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းဟာ တပ်မတော်ဟာ တစ်ဆက်တစ်စပ်တည်းဖြစ်နေတဲ့ အနေအထားကို နားလည်အောင်ပါ။ နောက်တစ်ခုက စစ်သားတွေရဲ့ ပင်ကိုဗီဇအကျင့်စရိုက်တွေကို နားလည်ဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ကောင်းမွန်တဲ့ ဆက်ဆံရေးတည်ဆောက်ချင်ရင် စကားလုံးတစ္ဆေခြောက်သလို မဖြစ်စေဖို့ ဘားမားလို့ခေါ်လိုက်တာနဲ့ ကိုလိုနီနယ်ချဲ့တွေကို ပြန်ပြောင်းသတိရတတ်တဲ့ စိတ်ဓာတ်ကို နားလည်ထားဖို့လိုအပ်တယ်ဆိုတာကို ကျွန်တော် ရှင်းပြခဲ့ဖူးပါတယ်။

United States ဟာ ကျွန်တော်တို့လို ပြည်တွင်းစစ်တွေဖြစ်ခဲ့ဖူးပေမယ့်လည်း စစ်ပွဲရဲ့နောက်ခံအကြောင်းအရင်းတွေက လုံးဝမတူပါဘူး။ ပြီးတော့အမေရိကန်လူမျိုးဆိုတာ သူတို့မှာမရှိပါဘူး၊ အမေရိကန်နိုင်ငံသားဆိုတာပဲရှိပါတယ်။ အင်္ဂလိပ်ကိုလိုနီကို သူတို့ရော ကျွန်တော်တို့ပါ တွန်းလှန်တိုက်ခိုက်ခဲ့တာချင်းတူပေမယ့် အခြေအနေချင်းမတူပါဘူး။ အစဉ်အဆက်နိုင်ငံသားစိတ်ဓာတ်ရင့်မာခဲ့တဲ့ သူတို့နိုင်ငံနဲ့ အစဉ်အဆက် လူမျိုးရေးစိတ်ဓာတ်ရင့်မာခဲ့တဲ့ ကျွန်တော်တို့နိုင်ငံ မျဉ်းတန်းသဘောမဟုတ်တဲ့အကြောင်း ကျွန်တော်ရှင်းပြခဲ့ပါတယ်။ ဗမာလူမျိုးဆိုတာ တိုင်းရင်းသားများစွာထဲကတစ်ခုသာဖြစ်တဲ့အကြောင်း သမ္မတဦးသိန်းစိန်ကရော ဒေါ်အောင်ဆန်းစုကြည်ကပါ ထုတ်ဖော်ပြောကြားခဲ့တဲ့အချိန်က ကျွန်တော်အရမ်းပဲ အံ့သြဝမ်းသာခဲ့ရတာပါ။ အဲဒီအချိန်မှာ ကျွန်တော့်ရင်ထဲမှာ ယုံကြည်ချက်တစ်ရပ် ထွက်ပေါ်လာခဲ့ပါတယ်။ “ကြံ့တောင့်ကြံ့ခံ စံနမူနာယူစရာအတိတ်သမိုင်းကြောင်းတွေရှိတဲ့ ခေါင်းဆောင်ကြီးနှစ်ယောက် ကျွန်တော်တို့တွေ့ရှိခဲ့ပါပြီ။ ပြီးတော့ နိုင်ငံ့အရေးနဲ့ ပတ်သက်လို့ စဉ်းစားတွေးခေါ်ပုံ၊ လုပ်ပုံကိုင်ပုံတွေ တော်တော်များများ တူညီနေတာကိုလည်း တွေ့ခဲ့ရပါပြီ၊ ကျွန်တော်တို့နိုင်ငံအတွက် အကောင်အထည်ပေါ်လာဖို့ အရမ်းခက်ခဲလှတဲ့ ဘက်နှစ်ဖက်စလုံးက ဘုံအကျိုးစီးပွားအတွက်ရည်ရွယ်ပြီး ဒီခေါင်းဆောင်ကြီးနှစ်ဦးစလုံးက ဆုပ်ထားတဲ့ လက်သီးဆုပ်တွေ ဖြေလျှော့ပေးခဲ့ကြပါပြီ၊ ဒီလိုမျိုးသမိုင်းနဲ့ချီပြီး ရခဲလှတဲ့ခေတ်ကာလမှာမှ ကျွန်တော်တို့နိုင်ငံ မပေါင်းစည်းနိုင်ရင် နောင်ဘယ်တော့မှပေါင်းစည်းနိုင်မှာ မဟုတ်တော့ဘူးဆိုတဲ့အသိ၊ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားပြန်လည်ပေါင်းစည်းမှု ကျိန်းသေပေါက်ရလာမယ်ဆိုတဲ့ ယုံကြည်ချက်ပဲ ဖြစ်ပါတယ်။”

**Rule of Law ကို ဆောင်ကြဉ်းပေးပါ**

ကျွန်တော်တို့နိုင်ငံမှာ အတောမသတ်နိုင်တဲ့လုပ်စရာတွေ အများကြီးပါ။ ဒီအတွက်လည်း ခေါင်းဆောင်ကြီးနှစ်ဦးစလုံး သေချာပေါက် ကြိုးပမ်းအားထုတ်ရမှာပါ။ အရေးကြီးတာက ဒီခေါင်းဆောင်ကြီး နှစ်ဦးလုံး အလေးထားတဲ့ Rule of Law ပဲဖြစ်ပါတယ်။ ပြန်ပြီးကြည့်ရင် ကျွန်တော်တို့နိုင်ငံရဲ့ တရားစီရင်ရေးစနစ်၊ ဗျူရိုကရေစီစနစ်တွေဟာ အင်္ဂလိပ်ကိုလိုနီတွေက အုတ်မြစ်ချခဲ့တာဖြစ်ပါတယ်။ အကုန်လုံး မကောင်းဟု မဆိုလိုသော်လည်းပဲ ကိုလိုနီတွေရဲ့ အကျင့်အတိုင်း အုပ်ချုပ်သူအလိုကျ တရားစီရင်ပေးနိုင်တဲ့ တရားရေးစနစ်ကို ကျင့်သုံးသွားခဲ့တာ ဖြစ်ပါတယ်။ကျွန်တော်အခုရောက်နေတဲ့ အမေရိကန်ပြည်ထောင်စုမှာ တရားသူကြီးတစ်ဦးတည်းအပေါ်မှာ စီရင်ပိုင်ခွင့် အပ်နှင်းထားခြင်းမရှိတဲ့ ဂျူရီစနစ်ကို ကျင့်သုံးနေတာဖြစ်ပါတယ်။ တရားသူကြီးဟာ ဂျူရီလူကြီးတွေရဲ့ အပြစ်ရှိ/မရှိ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး စီရင်ချက်ချရတာ ဖြစ်ပါတယ်။ ကံမကောင်းအကြောင်းမလှခဲ့တဲ့အတွက် ကျွန်တော်တို့ရဲ့တရားစီရင်ရေးစနစ်ဟာ အုပ်ချုပ်သူအလိုကျ စနစ်တစ်ရပ်လိုမျိုး ဖြစ်ခဲ့ရတာလည်း အမှန်ပဲဖြစ်ပါတယ်။

ကျွန်တော်ရောက်ရှိနေတဲ့ အမေရိကန်ပြည်ထောင်စုမှာ နိုင်ငံသားတိုင်းဟာ အခြေခံဥပဒေကို ကောင်းကောင်း နားလည်တယ်၊ ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို သိရှိထားတယ်။ ဥပဒေပြုရေးနဲ့ လွှတ်တော်အမတ်တွေရဲ့ လုပ်ဆောင်ချက်တွေကို အသေးစိတ်လေ့လာကြတယ်။ တစ်ဖက်ကလည်း နိုင်ငံသားတာဝန်ကို ကျေပွန်အောင် နေထိုင်ကြတယ်။ နိုင်ငံရေးသမားတွေ၊ လွှတ်တော်အမတ်တွေ၊ အစိုးရအရာရှိကြီးတွေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေတွေကို အလွတ်နီးပါးမှတ်သားထားကြတာကိုလည်း တွေ့ရှိရတယ်။ ပြောရရင် Civic Education အရမ်းကို မြင့်မားနေပါပြီ။ ကျွန်တော်တို့နိုင်ငံမှာတော့ Civic Education ကို တွန်းတင်ရဦးမှာဖြစ်သလို Capacity Building ကိုလည်း မြှင့်တင်ရဦးမှာဖြစ်ပါတယ်။ ဒီလိုအဆင့်မျိုးရောက်ဖို့ ကျွန်တော်တို့ ခရီးရှည်ကြီးလျှောက်ကြရဦးမှာပါ။ ဒီခရီးရှည်ကြီးဟာလည်း ပန်းခင်းလမ်းတော့မဟုတ်တာ သေချာနေပါတယ်။

ကျွန်တော်တို့ရဲ့ ပြည်သူတွေ Civic Education မြင့်တက်လာဖို့ အစိုးရမှာရော၊ နိုင်ငံရေးခေါင်းဆောင်တွေရော၊ လွှတ်တော်အမတ်တွေရော၊ Civil Society တစ်ခုလုံးက ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုမှာဖြစ်ပါတယ်။ ပြည်သူတွေကို နိုင်ငံရေးသမားတွေက လမ်းပြပေးရတာဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ဒီမျှအထိခရီးပေါက်ခဲ့တာကို အတော်လေးအစကောင်းနေပါပြီ။ ရှင်းရှင်းပြောရရင် ကျွန်တော်တို့အပါအဝင် အတော်များများဟာ ဒီအခြေအနေအထိ မျှော်လင့်ခဲ့ကြတာ မဟုတ်ပါဘူး။ ပညာရှိသတိဖြစ်ခဲဆိုသလို အသေးအမွှားလေးတွေကိုလည်း ဂရုစိုက်ဖို့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံသားတွေ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတွေကို အပြည့်အဝရရှိဖို့ အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီတွေမှာ တာဝန်ရှိပါတယ်။ ပြီးတော့လည်း ဒီဦးဆောင်မယ့် ပုဂ္ဂိုလ်တွေကိုယ်တိုင်က စံနမူနာပြ နေထိုင်လုပ်ကိုင်ကြဖို့ လိုပါတယ်။

ကျွန်တော် ဘာဖြစ်လို့ ဒီလောက်အထိ ရှင်းလင်းနေရသလဲဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂ မှာ “နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည်” The State shall be known as the Republic of the Union of Myanmar ဆိုပြီး အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အစိုးရနဲ့ ပြည်သူလူထုအကြား၊ အစိုးရနဲ့လွှတ်တော်အကြား၊ အစိုးရနဲ့ နိုင်ငံရေးပါတီအကြား၊ နိုင်ငံရေးပါတီနဲ့ နိုင်ငံသားတွေအကြား အပြန်အလှန်ဆက်ဆံရမယ့် စည်းမျဉ်းတွေကို သတ်မှတ်ပေးထားခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတိုင်းမှာ အမြင့်ဆုံးသော ပဋိညာဉ်ပြဋ္ဌာန်းချက်ဖြစ်တဲ့အတွက် အဲဒီနိုင်ငံမှာရှိတဲ့ သမ္မတ၊ ဝန်ကြီးချုပ်တွေအပါအဝင် နိုင်ငံသားတိုင်းက လိုက်နာကြရမယ့် စည်းနှောင်မှုရှိတဲ့ ဥပဒေဖြစ်ပါတယ်။ အမှိုက်ကစ ပြာသာဒ်မီးလောင်တဲ့ အဖြစ်မျိုး မဖြစ်စေချင်သလို နှစ်ဦးနှစ်ဖက်နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ထိခိုက်နစ်နာသွားမှာကိုလည်း ကျွန်တော့်အနေနဲ့အထူးပဲ စိုးရိမ်ပူပန်မိပါတယ်။

**အလုပ်အကိုင်တွေ ဖန်တီးပေးကြပါ**

ကျွန်တော်တို့လို ပြည်ပရောက်နေတဲ့သူတွေဟာ အိမ်လွမ်းဝေဒနာကို ပိုပြီးနားလည်စာနာနိုင်ကြပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ အမျိုးမျိုးအဖုံဖုံကြုံရာ လုပ်ကိုင်နေကြရတဲ့ ကျွန်တော်တို့နိုင်ငံသားတွေအားလုံးရဲ့ ရင်ထဲမှာ ကျွန်တော်တို့နိုင်ငံကို အဲဒီနိုင်ငံတွေထက် သာလွန်မြင့်မားစေချင်တဲ့ဆန္ဒတွေ ကိုယ်စီကိုယ်စီ ရှိနေကြပါတယ်။ ဒါဟာ နိုင်ငံ့ချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ တကယ်လို့များ ကျွန်တော်တို့နိုင်ငံမှာ ဒီနိုင်ငံတွေမှာ ရတဲ့ လုပ်ခ၊ လစာ၊ ဒီနိုင်ငံတွေမှာရရှိတဲ့ အာမခံချက်၊ ဒီနိုင်ငံတွေမှာ ရရှိနေတဲ့ လူနေမှုစနစ်တွေ ရရှိဖြစ်ပေါ်လာပြီဆိုရင် ဘယ်သူမှ မိဝေးဖဝေး လုပ်ကိုင်ကြမှာ မဟုတ်ပါဘူး။ ကိုယ့်နိုင်ငံမှာ ကိုယ့်မိဘ၊ ဆွေမျိုးမိတ်ဆွေ အသိုင်းအဝိုင်းတွေနဲ့ စိတ်အေးချမ်းသာ ပြန်လည်လုပ်ကိုင်ကြမှာ ဖြစ်ပါတယ်။ အခုဆိုရင် ခေါင်းဆောင်ကြီးနှစ်ဦးရဲ့ ဘုံအကျိုးစီးပွား ဖော်ဆောင်မှုကြောင့် ကျွန်တော်တို့နိုင်ငံ အလားအလာကောင်းနေပါပြီ။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေကို အမီလိုက်နိုင်ဖို့ (ဗိုလ်ချုပ်အောင်ဆန်း စကားနဲ့ဆိုရင်) ပြနေအောင်လုပ်နိုင်မှ တန်ကာကျမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေအလျင်လိုနေကြပါပြီ။ ကျွန်တော်တို့နိုင်ငံဟာလည်း တိုးတက်ချိန် တန်နေပါပြီ။

ထိုင်းဖိုရမ်မှာ ဒေါ်အောင်ဆန်းစုကြည်ရော၊ စွမ်းအင်ဝန်ကြီးကပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမယ့် ရင်းနှီးမြှုပ်နှံမှုတွေ ဖန်တီးပေးဖို့ ဖိတ်ခေါ်လိုက်တဲ့အချိန်မှာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေ ခေါင်း…

**မောင်အေးချမ်း**
**(ဟားဗတ်တက္ကသိုလ်)**

…တဆတ်ဆတ်ညိတ်ပြီးသွားဖို့ဟန်ပြင်လာကြပါပြီ။ ဒီအချိ… သူတွေကို သံသယတွေ၊ မသေချာမှုတွေ ဖြစ်ပေါ်လာအေ… မလုပ်သင့်ပါဘူး။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုဟာ… ထက်ပိုပြီး အဖိုးထိုက်တန်ပါတယ်။ အခုဆိုရင် ကျွန်တော်… မလုံလောက်မှုကြောင့် ဆန္ဒပြတာတွေ၊ လုပ်ခလစာနိမ့်… တာတွေ သတင်းတွေမှာ ဟိုးလေးတကျော်ကျော် ဖြစ်… တယ်။ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်… ဒီအကြောင်းမေးပါတယ်။ မင်းတို့နိုင်ငံမှာ မီးလည်း မ… သမားတွေကလည်း ဆန္ဒပြကြနဲ့ ငါတို့သွားပြီး စက်ရုံတ… ဆိုတဲ့ မေးခွန်းပါ။

ကျွန်တော်ကတော့ ဒါတွေဟာ အခုမှဖြစ်တာမဟုတ်… ကလည်း ဒီလိုပဲဖြစ်ခဲ့တာ ကြာပြီဆိုတဲ့အကြောင်း၊ … ဖြစ်လာရသလဲဆိုတော့ နိုင်ငံရေးစနစ် တိုးတက်ပြောင်းလဲ… တွေရဲ့ အခွင့်အရေးတွေ တိုးတက်ရရှိလာတာ ဖြစ်တဲ့အ… ဟာလည်း လက်ရှိ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ အစ… ပေးမှုတွေပဲ ဖြစ်ကြောင်း၊ ဒီမိုကရေစီ နိုင်ငံတွေမှာ ဒီလိုပြ… တွေဟာ မထူးဆန်းတော့ကြောင်း အတော်ကလေး ရှင်း… တိုင်လည်း လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော်စိုးရိမ်… စိတ်ထဲမှာ သံသယတွေ ဖြစ်နေပါပြီ။ သူတို့စိတ်ထဲမှာ… ဖြစ်နေပါပြီ။ ကျွန်တော့်အနေနဲ့ အစိုးရကိုလည်း အပြစ်… ပြည်သူတွေကိုလည်း အပြစ်မတင်ပါဘူး။ဒါတွေဟာရှောင်လွဲ… တွေဖြစ်ပါတယ်။ စွမ်းအင်ပြဿနာဟာ ဖြေရှင်းလို့ရပါ… ရောက် ဖြေရှင်းပေးပြီး ရေရှည်တည်တံ့တဲ့ စွမ်းအင်မ… ရပါတယ်။ လုပ်ခ လစာတွေဟာလည်း ဥပဒေနဲ့အညီ … လို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံအပေါ် ရင်… ယုံကြည်မှုကို ထိခိုက်စေမှာကိုပဲ စိုးရိမ်မိပါတယ်။ ဒီလို… ဘယ်လိုပုဂ္ဂိုလ်၊ ဘယ်လိုအဖွဲ့အစည်းမျိုးကမှ ဒီလမ်းကြေ… သွားအောင် မလုပ်သင့်၊ မပြောသင့်ဘူးလို့ ခံစားမိပါတ…

ဒီဖိုရမ်မှာ တက်ခဲ့ကြတဲ့သူတွေဟာ နိုင်ငံတကာ … တွေ အများစုဖြစ်ပါတယ်။ သူတို့ထဲက အတော်များများပ… စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေလုပ်… နေတဲ့သူတွေ ဖြစ်ပါတယ်။ ဖိုရမ်ကို ကိုယ်တိုင်မတက်နိုင်… သတင်းတွေစောင့်ကြည့်နေတဲ့ လုပ်ငန်းရှင်တွေအများကြ… ကို မြန်မာနိုင်ငံကို အကောင်းမမြင်ဖို့ ပြောကြားချက်၊ … အတွက် အာမခံချက်ရှိတဲ့ ဥပဒေစိုးမိုးမှုမရှိဘူးဆိုတဲ့ … ပြောကြားလိုက်ခြင်းဟာ ဖွင့်ထားတဲ့တံခါးကို ကိုယ့်ဘာ… ဖြစ်သွားမှာ ကျွန်တော်အထူးပဲ စိုးရိမ်ပူပန်မိပါတယ်။ နိုင်ငံ… က ကျွန်တော့်ထက်ပိုပြီး နိုင်ငံနဲ့ပြည်သူအပေါ် ချစ်ကြတ… တထစ်ချယုံကြည်ပါတယ်။ နိုင်ငံမှာနေတဲ့သူနဲ့ အပြ… တွေမှာတောင် ခံယူချက်ကွာခြားနေတာမျိုးတွေ ရှိတတ်… အပြင်မှာနေပြီး ဘာတွေစိုးရိမ်နေတာလဲလို့ ကျွန်တော့်ကို… ကျွန်တော်ခံယူရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ … လက်ရှိမြန်မာနိုင်ငံ ရောက်ရှိဖြတ်သန်းနေတဲ့ ပစ္စုပ္ပန်ကာ…

**သံသယအမှောင်တိုက်များ ပြယ်လွင့်ပျောက်ပျက်ရေး**

ကျွန်တော်တို့နိုင်ငံ ဒီလိုမျိုး မျှော်လင့်ချက်တွေ… လာတာ၊ ဒီလိုမျိုးအိပ်မက်တွေစပြီးမက်နိုင်တာ ဒီကနေ့… နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးစလုံး နိုင်ငံနဲ့ပြည်သူ… စီးပွားအတွက် ပေါင်းစည်းနိုင်ခဲ့ချိန်ရောက်မှ ဖြစ်ပါတယ်… ကြောင်းမှာလည်း တစ်သက်မှာ တစ်ခါဆို ဆိုသလောက… အရေးဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့ ရွှေရောင်မျှော်လ… ပျောက်ကွယ်သွားမှာကိုလည်း ကျွန်တော်တို့ စိုးရိမ်မိပါတ… နိုင်ငံအနေနဲ့ ဒီလိုမျိုးအိပ်မက်မက်ခွင့်ရရှိဖို့ နှစ်ပေါင်းမျ… ခဲ့ရတာဖြစ်ပါတယ်။ သမိုင်းကြောင်းလည်ပြန်ကြည့်လိုက်… နိုင်ငံမှာ သံသယအမှောင်တိုက်တွေ ဖုံးလွှမ်းခဲ့တဲ့အတွက် … တွေ၊ ဆင်းရဲနွမ်းပါးမှုတွေနဲ့ အဆိုးသံသရာလည်ခဲ့ရ… ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံပြန်လည်ဦးမော့စပြုလာတာ… ကျွန်တော်ဆိုရင်လည်း အသက်ကြီးနေပါပြီ။ ကျွန်တော့်အ… ကို ပြန်လည်အလုပ်အကျွေးပြုရင်း မွေးရပ်ဇာတိမှာပဲ … ခေါင်းချသွားလိုတဲ့ဆန္ဒရှိပါတယ်။ ဒီနေရာမှာ အလျဉ်း… တို့လို ပြည်ပရောက် မြန်မာနိုင်ငံသားတွေ စိတ်ချယုံကြည်… နိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်း… လည်း အကြံပြုလိုပါတယ်။

**MRTV-4 ရုပ်မြင်သံကြားအစီအစဉ်**

၅-၆-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

| | |
|---|---|
| ၅း၂၀ | MRTV-4 သတင်း |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၃) |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၇) |
| ၁၀း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၉) |
| ၂း၀၀ | MRTV-4 သတင်း |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၃) |
| ၄း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၇) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၄) |
| ၈း၃၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign Of Love (အချစ်သင်္ကေတ)** (အပိုင်း-၁၂) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၈) |
| ၁၁း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၃၀) |

**ထောက်ပံ့ပေးအပ်**

ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းမိသားစု သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ရက်က ယင်းရုံးခန်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက ကျောင်းသူတစ်ဦးထံ ပေးအပ်စဉ်။ (၀၄၂)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်စောင်းတန်းတွင် တည်ဆောက်ဆဲဖြစ်သော ဒုတိယမြောက် ဓာတ်လှေကားသစ်အတွက် မေ ၂၆ ရက်က မော်လမြိုင်မြို့ အမှတ်(၂)ဈေးသစ် ဆိုင်အမှတ်(၁၈) ဦးချစ်မောင်-ဒေါ်စောကြည်မိသားစုက ငွေကျပ် ၇၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးစန်းမြင့်က လက်ခံရယူပြီး အလှူရှင် မိသားစုအား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၀၇)

## မောင်အေးချမ်း (ဟားဗတ်တက္ကသိုလ်)

တဆက်ဆက်ညိတ်ပြီးသွားဖို့ဟန်ပြင်လာကြပါပြီ။ ဒီအချိန်မှာ ရင်းနှီးမြှုပ်နှံသူတွေကို သံသယတွေ၊ မသေချာမှုတွေ ဖြစ်ပေါ်လာအောင် ဘယ်သူကမှ မလုပ်သင့်ပါဘူး။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုဟာ ရွှေငွေရတနာတွေထက်ပိုပြီး အဖိုးထိုက်တန်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ စွမ်းအင်မလုံလောက်မှုကြောင့် ဆန္ဒပြတာတွေ၊ လုပ်ခလစာနိမ့်ပါးမှုကြောင့် ဆန္ဒပြတာတွေ သတင်းတွေမှာ ဟိုးလေးတကျော်ကျော် ဖြစ်နေတာ တွေ့ရှိရပါတယ်။ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်က ကျွန်တော့်ကို ဒီအကြောင်းမေးပါတယ်။ မင်းတို့နိုင်ငံမှာ မီးလည်း မလောက်၊ အလုပ်သမားတွေကလည်း ဆန္ဒပြကြနဲ့ ငါတို့သွားပြီး စက်ရုံတည်ဖို့ ဖြစ်ပါ့မလား ဆိုတဲ့ မေးခွန်းပါ။

ကျွန်တော်ကတော့ ဒါတွေဟာ အခုမှဖြစ်တာမဟုတ်ကြောင်း၊ အရင်ကလည်း ဒီလိုပဲဖြစ်ခဲ့တာ ကြာပြီဆိုတဲ့အကြောင်း၊ အခုမှ ဘာဖြစ်လို့ဖြစ်လာရသလဲဆိုတော့ နိုင်ငံရေးစနစ် တိုးတက်ပြောင်းလဲလာသလို ပြည်သူတွေရဲ့ အခွင့်အရေးတွေ တိုးတက်ရရှိလာတာ ဖြစ်တဲ့အကြောင်း၊ ဒါတွေဟာလည်း လက်ရှိ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ အစိုးရသစ်ရဲ့လမ်းဖွင့်ပေးမှုတွေပဲ ဖြစ်ကြောင်း၊ ဒီမိုကရေစီ နိုင်ငံတွေမှာ ဒီလိုငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေဟာ မထူးဆန်းတော့ကြောင်း အတော်ကလေး ရှင်းပြခဲ့တော့ သူကိုယ်တိုင်လည်း လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော်စိုးရိမ်မိပါတယ်။ သူတို့စိတ်ထဲမှာ သံသယတွေ ဖြစ်နေပါပြီ။ သူတို့စိတ်ထဲမှာ မယုံကြည်မှုတွေ ဖြစ်နေပါပြီ။ ကျွန်တော့်အနေနဲ့ အစိုးရကိုလည်း အပြစ်မတင်သလို ဆန္ဒပြသူတွေကိုလည်း အပြစ်မတင်ပါဘူး။ ဒါတွေဟာရှောင်လွှဲမရတဲ့ အခြေအနေတွေဖြစ်ပါတယ်။ စွမ်းအင်ပြဿနာဟာ ဖြေရှင်းလို့ရပါတယ်။ ထိထိရောက်ရောက် ဖြေရှင်းပေးပြီး ရေရှည်တည်တံ့တဲ့ စွမ်းအင်မဟာဗျူဟာနဲ့ဆိုရင် ရပါတယ်။ လုပ်ခ လစာတွေဟာလည်း ဥပဒေနဲ့အညီ ညှိနှိုင်းဖြေရှင်းသွားလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံအပေါ် ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို ထိခိုက်စေမှာကိုပဲ စိုးရိမ်မိပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုပုဂ္ဂိုလ်၊ ဘယ်လိုအဖွဲ့အစည်းမျိုးကမှ ဒီလမ်းကြောင်းတွေ ပိတ်ဆို့သွားအောင် မလုပ်သင့်၊ မပြောသင့်ဘူးလို့ ခံစားမိပါတယ်။

ဒီဖိုရမ်မှာ တက်ခဲ့ကြတဲ့သူတွေဟာ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းတွေ အများစုဖြစ်ပါတယ်။ သူတို့ထဲက အတော်များများဟာ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ကိုင်ဖို့ စိတ်ဝင်စားနေတဲ့သူတွေ ဖြစ်ပါတယ်။ ဖိုရမ်ကို ကိုယ်တိုင်မတက်နိုင်သော်လည်း ဖိုရမ်သတင်းတွေစောင့်ကြည့်နေတဲ့ လုပ်ငန်းရှင်တွေအများကြီးရှိပါတယ်။ သူတို့ကို မြန်မာနိုင်ငံကို အကောင်းမမြင်ဖို့ ပြောကြားချက်၊ ရင်းနှီးမြှုပ်နှံမှုတွေအတွက် အာမခံချက်ရှိတဲ့ ဥပဒေစိုးမိုးမှုမရှိဘူးဆိုတဲ့ ပြောကြားချက်တွေ ပြောကြားလိုက်ခြင်းဟာ ဖွင့်ထားတဲ့တံခါးကို ကိုယ့်ဘာသာ ပြန်ပိတ်သလို ဖြစ်သွားမှာ ကျွန်တော်အထူးပဲ စိုးရိမ်ပူပန်မိပါတယ်။ နိုင်ငံ့ခေါင်းဆောင်တွေက ကျွန်တော့်ထက်ပိုပြီး နိုင်ငံနဲ့ပြည်သူအပေါ် ချစ်ကြတယ်လို့ ကျွန်တော်တထစ်ချယုံကြည်ပါတယ်။ နိုင်ငံမှာနေတဲ့သူနဲ့ အပြင်ရောက်နေတဲ့သူတွေမှာတောင် ခံယူချက်ကွာခြားနေတာမျိုးတွေ ရှိတတ်ပါတယ်။ မင်းက အပြင်မှာနေပြီး ဘာတွေစိုးရိမ်နေတာလဲလို့ ကျွန်တော့်ကို ပြောလာရင်လည်း ကျွန်တော်ခံယူရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ဟာ လက်ရှိမြန်မာနိုင်ငံ ရောက်ရှိဖြတ်သန်းနေတဲ့ ပစ္စုပ္ပန်ကာလပဲ ဖြစ်ပါတယ်။

### သံသယအမှောင်တိုက်များ ပြယ်လွင့်ပျောက်ပျက်ရေး

ကျွန်တော်တို့နိုင်ငံ ဒီလိုမျိုး မျှော်လင့်ချက်တွေ စတင်ဖြစ်ပေါ်လာတာ၊ ဒီလိုမျိုးအိပ်မက်တွေစပြီးမက်နိုင်တာ ဒီကနေ့ သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးစလုံး နိုင်ငံနဲ့ပြည်သူလူထုရဲ့ ဘုံအကျိုးစီးပွားအတွက် ပေါင်းစည်းနိုင်ခဲ့ချိန်ရောက်မှ ဖြစ်ပါတယ်။ နိုင်ငံရဲ့ သမိုင်းကြောင်းမှာလည်း တစ်သက်မှာ တစ်ခါဆို ဆိုသလောက် ရခဲလှတဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့ ရွှေရောင်မျှော်လင့်ချက်တွေ မှေးမှိန်ပျောက်ကွယ်သွားမှာကိုလည်း ကျွန်တော်တို့ စိုးရိမ်မိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီလိုမျိုးအိပ်မက်မက်ခွင့်ရရှိဖို့ နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရတာဖြစ်ပါတယ်။ သမိုင်းကြောင်းလည်ပြန်ကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံမှာ သံသယအမှောင်တိုက်တွေ ဖုံးလွှမ်းခဲ့တဲ့အတွက် ပြည်တွင်းစစ်မီးလျှံတွေ၊ ဆင်းရဲနွမ်းပါးမှုတွေနဲ့ အဆိုးသံသရာလည်ခဲ့ရတာ ဖြစ်ပါတယ်။ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံပြန်လည်ဦးမော့စပြုလာတာမကြာသေးပါဘူး။ ကျွန်တော်ဆိုရင်လည်း အသက်ကြီးနေပါပြီ။ ကျွန်တော့်အမိမြေမြန်မာနိုင်ငံကို ပြန်လည်အလုပ်အကျွေးပြုရင်း မွေးရပ်ဇာတိမှာပဲ အေးအေးချမ်းချမ်း ခေါင်းချသွားလိုတဲ့ဆန္ဒရှိပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်တို့လို ပြည်ပရောက် မြန်မာနိုင်ငံသားတွေ စိတ်ချယုံကြည်စွာ ပြည်တော်ပြန်နိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေထုတ်ပြန်ပေးဖို့လည်း အကြံပြုလိုပါတယ်။

ကမ္ဘာ့သမိုင်းကြောင်းမှာပဲဖြစ်ဖြစ်၊ မြန်မာ့ရာဇဝင်မှာပဲဖြစ်ဖြစ် ခေါင်းဆောင်ကောင်းတွေရဲ့ ဦးဆောင်မှုအောက်မှာ အဲဒီနိုင်ငံတွေ ထွန်းတောက်ခဲ့တာပဲဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့အတွက် မျှော်လင့်ချက်ခေါင်းဆောင်(၂)ဦး ပေါ်ထွန်းလာပြီလို့ ကျွန်တော့်အနေနဲ့ အခိုင်အမာ ယုံကြည်ထားပါတယ်။ ဒီခေါင်းဆောင်(၂)ဦးအပေါ်မှာ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ အားကိုးတကြီး ပုံအပ်ထားတာဖြစ်ပါတယ်။ ဒီခေါင်းဆောင်ကြီး(၂)ဦးစလုံး တစ်ဦးအပေါ်တစ်ဦး ယုံယုံကြည်ကြည် နားလည်မှုရှိရှိ လက်တွဲပူးပေါင်းနိုင်ရေးဟာ နောင်လာမယ့် မြန်မာနိုင်ငံအနာဂတ်နဲ့ အခိုင်အမာဆက်နွှယ်နေတာဖြစ်ပါတယ်။ ဒီခေါင်းဆောင်ကြီး (၂)ဦးအကြားမှာ၊ ဒီခေါင်းဆောင်ကြီး(၂)ဦးရဲ့နောက်က လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေကြားမှာ သမိုင်းနွံနစ်မယ့်သံသယတွေ မဖြစ်စေချင်တာ အရိုးခံဆန္ဒပါ။ ဒီအတွက် စိတ်ပူပင်ရတာတွေလည်း ကျွန်တော်တို့မဖြစ်ချင်တော့ပါ။ သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်မှုဟာ ကျွန်တော်တို့နိုင်ငံရဲ့အနာဂတ်ဖြစ်ပါတယ်။ ခေါင်းဆောင်ကြီး(၂)ဦးဟာ ကျွန်တော်တို့ထက်ပိုမိုပြီးအနာဂတ်ကို သိမြင်မှန်းဆနိုင်မှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ အခိုင်အမာ ယုံကြည်ထားပါတယ်။ ဒါ့ကြောင့်လည်း သံသယဆိုတဲ့နေရာမှာ မြူမှုန်တစ်စ ပမာဏတောင် အစမပြုစေချင်တာ အမှန်ပါ။

### နိဂုံး

ကျွန်တော်ရောက်ရှိနေတဲ့ အမေရိကန်ပြည်ထောင်စုက နိုင်ငံရေးသမားအတော်များများ(ရီပတ်ဘလီကင်ရော၊ ဒီမိုကရက်ပါ) မြန်မာ့အရေးကို အတော်ကလေး စိတ်ဝင်စားနေတာတွေ့ရှိရပါတယ်။ အခုနှစ်ကုန်ပိုင်းမှာ သမ္မတရွေးကောက်ပွဲအတွက် အဆုံးအဖြတ်ပေါ်ထွက်လာတော့မှာဖြစ်ပြီး သတင်းများအရ အိုဘားမားက အလေးသာနေပါတယ်။ ဒါပေမယ့် အိုဘားမားဆက်လက်တာဝန်ယူသည်ဖြစ်စေ၊ မစ်ရွှန်းနီ တက်လာသည်ဖြစ်စေ ကျွန်တော်တို့နိုင်ငံအပေါ်ထားရှိတဲ့ မူဝါဒကတော့ပိုပြီး ပျော့ပျောင်း၊ ပိုပြီးကောင်းလာဖို့သာရှိပါတယ်။ အမြင်တွေ၊ သဘောထားတွေပြောင်းလဲနေတာ ကျွန်တော်တို့ တွေ့နေရပါတယ်။ တချို့ဆိုရင် Sanction ကို Fully Lift လုပ်ဖို့ တိုက်တွန်းနေကြတာရှိသလို တချို့ဆိုရင် ကချင်ပြည်နယ် သေနတ်သံတွေစဲသွားရင် တိုင်းပြည်ငြိမ်းချမ်းဖို့ရောင်နီပေါ်ထွက်လာတော့မယ်လို့ ထုတ်ဖော် ပြောကြားနေတာတွေ ရှိပါတယ်။

သူတို့ရဲ့ နှီးနှောဖလှယ်ပွဲတွေမှာ မြန်မာ့အရေးကျွမ်းကျင်သူတွေ နေရာအတော်ရလာတာလည်း တွေ့ရှိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရက်တိုင်ဇေးရှင်းက မိုဒယ်လ်အသစ် ဖြစ်လာနေတာကြောင့်ပါပဲ။ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းစွာနဲ့ စနစ်တကျ ကူးပြောင်းနိုင်ခဲ့တဲ့ လမ်းစဉ်အသစ်ကြောင့်ပါပဲ။ ပညာရှင်တွေအကြားမှာလည်း မြန်မာ့လမ်းစဉ်ဟာ ရေပန်းစားနေပြီ ဖြစ်ပါတယ်။ သူတို့အားလုံး တညီတညွတ်တည်း လက်ခံထားတာ တစ်ခုရှိပါတယ်။အဲဒါကတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ တစ်ချိန်တည်း စီးပွားရေးပြုပြင်ပြောင်းလဲမှု လိုက်ပါပြောင်းလဲနိုင်ဖို့၊ ဖြစ်ပေါ်လာတဲ့ အပြောင်းအလဲမှာ မြန်မာ့စီးပွားရေးဦးမော့မှုကို ဖြစ်မယ်၊ မြန်မာ့စီးပွားရေးဦးမော့ဖို့ ကြာရှည်နေမယ်၊ နှောင့်နှေးနေမယ်ဆိုရင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေရဲ့ အနာဂတ်ဟာ စိုးရိမ်စရာသိပ်ကောင်းလာမယ်ဆိုတဲ့ သုံးသပ်ချက်ပဲဖြစ်ပါတယ်။ (ဒါ့ကြောင့်လည်း သူတို့က စီးပွားရေးဘက်ကို အထောက်အကူပေးလာနေတာပဲ ဖြစ်ပါတယ်။)

ဒီမှန်းဆချက်ဟာ မှန်ပါတယ်။ နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲတာ နှစ်နဲ့ ချီနေတောင်မှ လူမှုစီးပွားရေး တိုးတက်ပြောင်းလဲမလာဘူးဆိုရင် ဒီနိုင်ငံရေးစနစ်အပေါ်မှာ ပြည်သူတွေသံသယဖြစ်လာနိုင်ပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံရဲ့ အကြီးမားဆုံးသော ခြိမ်းခြောက်မှုလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံ့မျှော်လင့်ချက်ခေါင်းဆောင်(၂)ဦးစလုံးကို ကျွန်တော့်အနေနဲ့ အနူးအညွတ်မေတ္တာရပ်ခံချင်တာက ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ကိုစိုးပိုင်ထားတဲ့ စီးပွားရေး ဦးမော့လာရေးကို ဆောင်ကြဉ်းပေးပါ။ ကျွန်တော်တို့ရဲ့ အလုပ်လက်မဲ့ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးပါ။ ကျွန်တော်တို့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ အချိန်တိုတိုအတွင်း ပေါ်ထွက်လာဖို့ ရင်းနှီးမြှုပ်နှံမှုတွေ လက်ခံပေးပါ။

ကျွန်တော်တို့ပြည်သူတွေရဲ့အနာဂတ်ဟာ သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ခေါင်းဆောင်ကြီး(၂)ဦးအပေါ်မှာ တည်မှီနေတယ်ဆိုတာကို သတိမလွတ်စေဘဲ နားလည်မှု၊ ယုံကြည်မှုခိုင်မာစွာနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ပေးကြပါ။ မြန်မာ့နိုင်ငံရေးမှာ လွတ်လပ်ရေးရရှိပြီးကတည်းက ပေါ်ပေါက်ခဲ့တဲ့ သူ့ဘက်၊ ကိုယ့်ဘက်ဆိုတဲ့ ဘက်အမြင်တွေ၊ ဘက်အတွေးတွေ၊ ဘက်အစွဲတွေကင်းဝေးပြီး ပြည်သူ့ဘက် တစ်ဖက်တည်းကိုပဲ ရှေးရှုဦးတည်ကြတဲ့ နိုင်ငံရေးယဉ်ကျေးမှု တစ်ရပ်ကို ဆောင်ကြဉ်းပေးပါလို့ ကျွန်တော့်အနေနဲ့ တောင်းဆိုလိုက်ရပါတယ်။ ကျွန်တော်တို့အိပ်မက်တွေ လက်တွေ့အကောင်အထည်ပေါ်လာပါစေ။ ။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ပုသိမ်ကြိုးတံတားကြွခိုင်မှု ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားလုပ်ငန်းများ
## ဒုတိယဝန်ကြီးဦးကျော်လွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဇွန် ၂ရက် နံနက်ပိုင်းတွင် စကြော့-ဓနုဖြူ-ဇလွန်-ဟင်္သာတလမ်း မိုင်တိုင်အမှတ် (၁၁/၄) နှင့် (၁၁/၅)အကြား၌ ကျောက်များခင်းကြိတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတမြို့ရှိ ခရိုင်အင်ဂျင်နီယာမှူးရုံး၌တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဟင်္သာတတက္ကသိုလ်ဝင်းအတွင်း သုံးထပ်စာသင်ဆောင် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်းမိုင်တိုင်အမှတ် (၁၁/၄)နှင့် (၁၁/၅)အကြားတွင် တလုတ္တော်တံတားပြုပြင်တည်ဆောက်မှု၊ ငဝန်တံတား(မြို့ကွင်း) ချဉ်းကပ်တံတားတိုင်များရေတိုက်စားမှုနှင့် ပုသိမ်ကြိုးတံတားကြွခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ ပုံမှန်တိုင်းတာစစ်ဆေးမှုပြုလုပ်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၄**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဇွန် ၄ ရက်တွင် ဦးအန်တိုနီစူ အပါအဝင် ပုဂ္ဂိုလ် ၁၇ ဦးတို့က ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ(၄)နှင့် ပုဒ်မ(၆)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

### ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏ (၂၃)ရပ်ကွက် ကျွန်းရွှေမြိုင်လမ်းနေ သီရိပုံချီ ဗိုလ်ချုပ်ကြည်အောင် (ငြိမ်း)နှင့် ဇနီးဒေါ်ခင်ခင်လေး သားသမီးမြေးတစ်စုတို့က ထာဝရ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

## အောက်ပိုင်းဒေသများ မိုးပိုလာမည်

**နေပြည်တော် ဇွန် ၄**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်စောင်းတန်းတွင် တည်ဆောက်ဆဲဖြစ်သော ဒုတိယမြောက် ဓာတ်လှေကားသစ်အတွက် မေ ၂၆ ရက်က မော်လမြိုင်မြို့ အမှတ်(၂)ဈေးသစ် ဆိုင်အမှတ်(၁၈) ဦးချစ်မောင်-ဒေါ်စောကြည်မိသားစုက ငွေကျပ် ၇၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးစန်းမြင့်က လက်ခံရယူပြီး အလှူရှင် မိသားစုအား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၀၇)

### မှတ်သားဖွယ်ရာမိုးရေချိန်များ

**၅-၆-၂၀၁၂**

| | |
|---|---|
| ပေါင်မြို့ | ၄ ဒသမ ၄၅ လက်မ |
| ကော့သောင်းမြို့ | ၃ ဒသမ ၄၆ လက်မ |
| ဖျာပုံမြို့ | ၃ ဒသမ ၀၃ လက်မ |

# ဇမ္ဗူသီရိမြို့နယ်က မှန်မြတ်သောပညာဒါန

**နေပြည်တော် ဇွန် ၄**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကားစပြီ။ ကျောင်းသား ကျောင်းသူများ စာသင်ခန်းအသီးသီးတို့၌ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြပြီ။ ယခုပညာသင်နှစ်ကား ပြီးခဲ့သော နှစ်များနှင့်မတူ။ ပညာရေးကဏ္ဍကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပံ့ပိုးနေသလို ပုဂ္ဂလိကအဖွဲ့အစည်းများကလည်း တက်တက်ကြွကြွ ပါဝင်ဖြည့်ဆည်း ပေးလာသည်ကို တွေ့ရသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်း ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ နိုင်ငံတစ်ဝန်းကျင်းပနိုင်ခဲ့သည်။ ဤကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ပုဂ္ဂလိကအသင်းအဖွဲ့ အချို့သည် ကျောင်းအပ်နှံရေးသီတင်းပတ်ကာလအတွင်း ချို့တဲ့ကျောင်းသား ကျောင်းသူများအား ကျောင်းတက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ ချို့တဲ့ ကျောင်းသား ကျောင်းသူများအား လိုအပ်သည်များ ဖြည့်ဆည်းထောက်ပံ့ပေးခဲ့ရာတွင် မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေး အသင်းစုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

"ကျွန်တော်တို့ မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့် လက်လုပ် လက်စားများ ငွေစုငွေချေးအသင်းစုအနေနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် လူမှုရေးလုပ်ငန်းလိုအပ်ချက်တွေကို တတ်စွမ်းသမျှဖြည့်ဆည်းပေးနိုင်ဖို့ အဓိကရည်ရွယ်ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်အတိုင်း ကျွန်တော်တို့ အသင်းစုအနေနဲ့ ဒီနှစ် ကျောင်းအပ်နှံရေးရာသီမှာ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာ ကျောင်း ၁၀ ကျောင်းမှာ တက်ရောက်နေတဲ့ ဆင်းရဲချို့တဲ့ ကျောင်းသား ကျောင်းသူများကို လိုအပ်တဲ့ အထောက်အပံ့တွေ ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်"ဟု မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့် လက်လုပ် လက်စားများ ငွေစုငွေချေးအသင်းစု အတွင်းရေးမှူး ဦးဝင်းဌေးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်တို့ မြစိမ်းရောင် လယ်ယာကုန်ထုတ်နှင့် လက်လုပ် လက်စားများ ငွေစုငွေချေးအသင်းစုအနေနဲ့ ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိတဲ့ ကျောင်း ၁၀ ကျောင်းမှာ တက်ရောက်နေတဲ့ ချို့တဲ့ကျောင်းသား ကျောင်းသူတွေကို ထောက်ပံ့ပေးရာမှာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူတွေကို ဗလာစာအုပ်နဲ့ ခဲတံ၊

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာ မူလတန်းလွန်ကျောင်း၌ ဇွန် ၁ ရက်က မြစိမ်းရောင် လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေး အသင်းစုအတွင်းရေးမှူး ဦးဝင်းဌေးက ပညာရေး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။

ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းဝင်ကြေး၊ ကျောင်းအပ်ခ၊ ပုံနှိပ်စာအုပ်ဖိုးအပြင် ဗလာစာအုပ်များနဲ့ ဘောပင်တို့ကို ထောက်ပံ့ပေးခဲ့ပါတယ်" ဟု ဦးဝင်းဌေးက ဆက်လက်ပြောကြားသည်။

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြစိမ်းရောင် လယ်ယာကုန်ထုတ်နှင့် လက်လုပ် လက်စားများ ငွေစုငွေချေး အသင်းစုက ထောက်ပံ့ပေးခဲ့သော အခြေခံပညာကျောင်းများမှာ အထက(၂၂) ပြန်ကပြေး၊ အထက(၁၄) ရွှေကြာပင်၊ အလက (၃) သပြေကုန်း၊ အမက(၃၄) မူလွန်အလျင်လို၊ အမက(၁၄၀) မူလွန်လက်ပံခါးလှ၊ အမက(၁၃၈) မူလွန်အောင်ချမ်းသာ၊ အမက(၇၃) တဲကြီးကုန်း၊ အမက (၂၅) ရွှေကြာပင်၊ အမက(၂၇) ရွှေကြာပင်နှင့် အမက(၁၆၃) ရွှေကြာပင်တို့ဖြစ်သည်။ ယင်းကျောင်းများရှိ ချို့တဲ့ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ပေးမှုများမှာ သူငယ်တန်းနှင့် ပထမတန်းကို ဗလာစာအုပ်ခြောက်အုပ်စီနှင့် ခဲတံ သုံးချောင်းစီ၊ ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်းကို ဗလာစာအုပ် ၁၂ အုပ်စီနှင့် ခဲတံသုံးချောင်းစီ၊ ပဉ္စမတန်း ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကျောင်းလခ ငွေကျပ် ၅၀၀၊ မိဘဆရာ အသင်းကြေး ငွေကျပ် ၅၀၀၊ အားကစားကြေး ငွေကျပ် ၅၀၀၊ ပုံနှိပ်စာအုပ်ဖိုး ငွေကျပ် ၉၅၀၊ ဗလာစာအုပ် ၂၄ အုပ်နှင့် ဘောပင်သုံးချောင်းစီ၊ ဆဋ္ဌမတန်းကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကျောင်းလခ ငွေကျပ် ၆၀၀၊ မိဘ ဆရာအသင်းကြေး ငွေကျပ် ၅၀၀၊ အားကစားကြေး ငွေကျပ် ၅၀၀၊ ပုံနှိပ်စာအုပ်ဖိုး ငွေကျပ် ၈၈၀၊ ဗလာ စာအုပ် ၂၄ အုပ်နှင့် ဘောပင်သုံးချောင်းစီ၊ သတ္တမတန်းကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကျောင်း လခ ငွေကျပ် ၇၀၀၊ မိဘဆရာအသင်းကြေး ငွေကျပ် ၅၀၀၊ အားကစားကြေး ငွေကျပ် ၅၀၀၊ ပုံနှိပ်စာအုပ်ဖိုး ငွေကျပ် ၁၀၄၀၊ ဗလာစာအုပ် ၂၄ အုပ်နှင့် ဘောပင်သုံးချောင်းစီ၊ အဋ္ဌမတန်းကျောင်းသားကျောင်းသူတစ်ဦးလျှင် ကျောင်းလခ ငွေကျပ် ၈၀၀၊ မိဘဆရာအသင်းကြေး ငွေကျပ်၅၀၀၊ ပုံနှိပ် စာအုပ်ဖိုး ၁၁၇၀ကျပ်၊ အားကစားကြေး ငွေကျပ် ၅၀၀၊ ဗလာစာအုပ် ၂၄ အုပ်နှင့် ဘောပင်သုံးချောင်းစီ၊ နဝမတန်း ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကျောင်းလခ ငွေကျပ် ၉၀၀၊ မိဘ ဆရာအသင်းကြေး ငွေကျပ် ၅၀၀၊ အားကစားကြေး ငွေကျပ် ၅၀၀၊ ပုံနှိပ်စာအုပ်ဖိုး ငွေကျပ် ၂၅၆၀၊ ဗလာစာအုပ် ၃၆ အုပ်နှင့် ဘောပင်သုံးချောင်းစီ၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကျောင်းလခ ငွေကျပ်၁၀၀၀၊ မိဘဆရာ အသင်းကြေး ငွေကျပ် ၅၀၀၊ အားကစားကြေး ငွေကျပ် ၅၀၀၊ ပုံနှိပ်စာအုပ်ဖိုး ငွေကျပ် ၃၅၈၀၊ ဗလာ စာအုပ် ၃၆ အုပ်နှင့် ဘောပင်သုံးချောင်းစီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် ကျောင်းသား ကျောင်းသူ သူငယ်တန်း ၁၉၁ ဦး၊ ပထမတန်း ၇၄ ဦး၊ ဒုတိယတန်း ၇၂ ဦး၊ တတိယတန်း ၇၂ ဦး၊ စတုတ္ထတန်း ၆၇ ဦး၊ ပဉ္စမတန်း ၄၀၊ ဆဋ္ဌမတန်း ၄၆ ဦး၊ သတ္တမတန်း ၁၁ ဦး၊ အဋ္ဌမတန်း ၁၂ ဦး၊ နဝမတန်း ၁၄ ဦး၊ တက္ကသိုလ်ဝင်တန်း ၁၅ ဦးပါဝင်ခဲ့သည်။ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၁၄ ဦးအား ထောက်ပံ့ကြေးကုန်ကျငွေနှင့် ပစ္စည်းတန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ် ၁၆၁၇၄၃၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများအား အခမဲ့ပညာသင်ကြားပေးသည်ဖြစ်စေ၊ ပညာရေးအတွက် လိုအပ်သောငွေကြေးနှင့် ပစ္စည်းများ ထောက်ပံ့ပေးသည်ဖြစ်စေ ပညာဒါန ပြုခြင်းပင်ဖြစ်၏။ ထို့ကြောင့် မြစိမ်းရောင် လယ်ယာကုန်ထုတ်နှင့် လက်လုပ် လက်စားများ ငွေစုငွေချေးအသင်းစု၏ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးမှုများသည် မှန်မြတ်သော ပညာဒါန တစ်ခုပင်ဖြစ်ပါကြောင်း။ ။

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ**
**မြင့်မောင်စိုး**

(မြန်မာ့အလင်း)

# တိုင်းဒေသကြီးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
# စဉ့်ကူးမြို့နယ်၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

**စဉ့်ကူး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ စဉ့်ကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြတ်ငွေက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါက်တာခင်အောင်အောင်ငွေက မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာလုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း၊ အဖွဲ့ဝင် ဒေါ်ခင်စန္ဒာက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်မှူးများ ဖွဲ့စည်းတာဝန်ပေးရေးနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ အဖွဲ့ဝင် ဒေါ်သန္တာဘုန်းဝင်းက မိခင်သက်ကြီးရွယ်အိုများစောင့်ရှောက်ရေးနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ နာယက က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေကျပ် ၅၀၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

# ပျံကျဈေးသည်များ၏ သားသမီးများအား
# ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

**တောင်ကြီး ဇွန် ၄**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတစ်ရပ်အဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူပြီး မြို့မဈေးရှိ ပျံကျဈေးသည်၊ အေးသီရိဈေး ပျံကျဈေးသည်၊ ရွှေညောင်ဈေး ပျံကျဈေးသည်၊ အနေးယာဉ်လုပ်သား၊ တောင်နီစံပြကျေးလက် ပျံကျဈေးသည်တို့ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစ၍ ချေးငွေများ ထုတ်ချေးခဲ့သည်။

ချေးငွေများထုတ်ချေးပြီး ရရှိသော အတိုးကို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်သို့ သတ်မှတ်နှုန်းအတိုင်း ပေးသွင်းခဲ့ပြီး ကျန်ရှိသည့်အတိုးရငွေများကို စုဆောင်းထားရှိခဲ့သည်။ အဖွဲ့၏ အတိုးစုဆောင်းရငွေများမှ မြို့မဈေးရှိ ပျံကျဈေးသည်များ၏ သား သမီးများဖြစ်သည့် မူလတန်း ကျောင်းသား ကျောင်းသူ ၁၀၈ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၆၇ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၄၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁၆ ဦးတို့အား ၂၀၁၂-၂၀၁၃ ခု ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် ချေးငွေကော်မတီတို့က ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ)

(မြန်မာ့အလင်း)

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### နောက်ဖေးလမ်းကြားကျူးကျော်ဆိုင် ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက် မဓာဝီလမ်းမကြီး (အလက-၄)နှင့် နီလာလမ်းမ (အမက-၆)တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ကွန်ကရစ်လမ်းပေါ်ရှိ စက်ဘီးပြင်ဆိုင်သည် နောက်ဖေးလမ်းကြားပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားပြီး လမ်းပေါ်တွင်စက်ဘီးများပြင်ဆင်ခြင်းကြောင့် လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ရသည့်အပြင် နောက်ဖေးလမ်းကြားကို ပိတ်ဆို့ထားခြင်းကြောင့် ရေဆိုးများမစီးနိုင်ပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူများ**

### လက်ဖက်ရည်ဆိုင်မှညှော်နံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက် လမ်းမတော်လမ်းရှိ ယခင်ရွှေမြန်မာကားဂိတ်ဟောင်းအနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ မုန့်မျိုးစုံကြော်လှော်ရာမှ ထွက်ပေါ်လာသည့် ညှော်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ညှော်နံ့မခံနိုင်သူများ**

### စွန့်ပစ်ပစ္စည်းများကြောင့် မီးဘေးစိုးရိမ်ရ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် တာဝတိံသာအထက်လမ်းရှိ ပစ္စည်းဟောင်းရောင်းဝယ်ရေး လုပ်ငန်းများသည် လမ်းမပေါ်တွင် ပစ္စည်းများစုပုံထားခြင်းကြောင့် လမ်းသွားလမ်းလာများနှင့် ကားများဝင်ထွက်ရာတွင် ခက်ခဲမှုရှိသည့်အပြင် မီးလောင်ကျွမ်းစေနိုင်သော စွန့်ပစ်ပစ္စည်းများဖြစ်၍ မီးဘေးအန္တရာယ်စိုးရိမ်ရသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးစိုးရိမ်သူ**

# ယင်းမာပင်မြို့နယ် နဘူးတောရွာ၌ တံတားသစ်ဖွင့်

**ယင်းမာပင် ဇွန် ၄**

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု နဘူးတောကျေးရွာ၌ အလှူရှင် ဦးဝင်းမြင့်ဦး-ဒေါ်ဝင်းခိုင် သား မောင်အောင်ခန့်ကျော် မိသားစုတို့က ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ အလျားပေ ၃၀၊ အကျယ်ပေ ၂၀၊ အမြင့် ခုနစ်ပေရှိ သံကူကွန်ကရစ်လက်ရန်းပါ အောင်ခန့်ကျော် ရိုးကူးတံတားဆောက်လုပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါတံတားရှေ့၌ကျင်းပရာ အလှူရှင် မောင်အောင်ခန့်ကျော်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးသိန်းနှင့် ဘန့်ဘွေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်မိသားစုနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

### ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူး သတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

## မြန်မာ့အလင်း မှုခင်းသတင်း ၄-၆-၂၀၁၂

### လောင်းကစားမှုများ ဟိုင်းကြီးကျွန်း၌ဖမ်းဆီး

ငပုတောမြို့နယ် ဟိုင်းကြီးရဲစခန်းအပိုင် ခမောက်မော်ကျေးရွာ၌ မေ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက ကုန်းပိုင်းရပ်နေ မီတို(ခ)ဒေါ်ဆန်းတင်နေအိမ်၌ တစ်ရပ်တည်းနေ ဒေါ်မိုးကြည် ၄၃-နှစ်(ဘ-ဦးစိန်ခိုင်)၊ ဒေါ်ဌေးဝင်း ၄၄ နှစ် (ဘ-ဦးဟန်သွင်)၊ ဒေါ်ချိုမာ ၃၁ နှစ် (ဘ-ဦးသောင်းငွေ)၊ ဒေါ်ရီ ၅၈ နှစ် (ဘ-ဦးဟန်သွင်)၊ ဌေးမြင့် ၂၃ နှစ် (ဘ- ဦးမောင်ထွေး)၊ အေးမင်း၂၂ နှစ် (ဘ-ဦးဝင်းကြည်)၊ မင်းမင်း ၄၂ နှစ် (ဘ-ဦးသံသေး)နှင့် ပြင်စလူလေယာဉ်ကွင်းရွာနေ ဒေါ်သေးသေး ၅၅ နှစ် (ဘ-ဦးဟန်သွင်)တို့ကိုးဦးသည် ဖဲလောင်းကစားပြုလုပ်နေကြစဉ် ဖဲချပ်ရေ ၁၆၄ ချပ်၊ ဖဲလောင်းကစားရာတွင် အသုံးပြုပစ္စည်းများ၊ လောင်းကစားငွေကျပ် ၁၀၇၀၀နှင့်အတူ ဖမ်းဆီးရမိသဖြင့် သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

### နှစ်လုံး၊ သုံးလုံးထီရောင်းသူ ဖမ်းဆီးအရေးယူ

မေ ၂၇ ရက် နံနက် ၉ နာရီက ကလေးနယ် ကံပုလဲ အနောက် ကျေးရွာရှိ ဒေါ်အဲငွေသည် တရားမဝင် နှစ်လုံးထီ၊ သုံးလုံးထီရောင်းနေကြောင်း သတင်းအရ ကလေးခရိုင် ဒုစရိုက်နှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဒေါ်အဲငွေ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နှစ်လုံး၊ သုံးလုံးဂဏန်းများ ရေးထားသည့် စာရွက်စာတမ်းများနှင့် ဂဏန်းပေါင်းစက်တစ်လုံးတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကလေးရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ (၁၆၅)

## အထက(၆)၊ မြောင်းမြမြို့ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ

မြောင်းမြမြို့၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ (၁၉၆၆-၂၀၁၀ ပညာသင်နှစ်အထိ)၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၃-၁၂-၂၀၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကျောင်းရှေ့အားကစားကွင်း၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၁၉၆၆ ခုနှစ်မှ ၃၀-၁၁-၂၀၁၂ ရက်အထိ အသက်၆၀ပြည့်ပြီး တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားကျောင်းအုပ် ဆရာကြီး ဆရာမကြီးများနှင့် အငြိမ်းစား ဆရာ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအနေဖြင့် ၂၀၁၂ ဩဂုတ်လကုန်အထိ အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံ အကြောင်းကြားပေးပါရန် ရိုသေစွာမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

နယ်ဝေးသို့ရောက်ရှိနေကြသော အထက(၆) ကျောင်းသား ကျောင်းသူဟောင်းများအား အာစရိယပူဇော်ပွဲကို တက်ရောက်ပါဝင်ပူဇော်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်နှင့် အလှူငွေများပါဝင်လှူဒါန်းရန်-**

| | | |
|---|---|---|
| ဦးအောင်ကိုကို | ဖုန်း-၀၉-၅၁၈၁၂၆၉ | |
| ဦးခင်အောင်တင့် | ဖုန်း-၀၉-၈၆၁၀၀၀၃ | |
| ဦးကောင်းလွင် | ဖုန်း-၀၉-၄၃၀၈၂၀၆၈ | |
| မိတ်ကင်အဆိုင် | ဖုန်း-၀၉-၅၀၃၆၁၅၃ | |
| ဒေါက်တာအေးအေးနိုင် | ဖုန်း-၀၉-၈၆၂၇၀၆၉ | |
| ဒေါက်တာမောင်မောင်အောင် | ဖုန်း-၀၄၂-၇၀၀၅၉ | မြောင်းမြမြို့ |
| ဒေါ်ရီရီမင်း | ဖုန်း-၀၄၂-၇၁၀၈၈ | မြောင်းမြမြို့ |
| ဦးမျိုးဆွေ | ဖုန်း-၀၉-၈၅၇၆၁၁၃ | မြောင်းမြမြို့ |
| ဦးသက်လွင် | ဖုန်း-၀၉-၈၅၇၅၇၄၃ | မြောင်းမြမြို့ |
| ဦးသန်းဌေး | ဖုန်း-၀၉-၈၅၇၆၆၄ | မြောင်းမြမြို့ |
| ဒေါ်ချိုချိုမာ | ဖုန်း-၀၉-၈၅၅၂၀၄၀ | မြောင်းမြမြို့ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၄

| | | |
|---|---|---|
| ၁။ ဦးအေးစောလေး | နှင့် | ၁။ ဦးခင်မောင်သိန်း |
| ၂။ ဒေါ်မာလာ | | ၂။ ဒေါ်ကေတီစောလေး |
| | | ၃။ ဒေါ်ဟယ်လင်စောလေး |
| | | ၄။ ဒေါ်စန်းစန်းမြင့် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိန်ကြည်ဦး) |
| **တရားလိုများ** | | **တရားပြိုင်များ** |

(၃)တရားပြိုင်ဒေါ်ဟယ်လင်စောလေး၊ အမှတ် ၁၆၄၊ အေးသိဒ္ဓိ(၁)လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများကအမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇွန်လ၂၂ ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၄ ရက်) နံနက် ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အောင်သိန်း**
**ခရိုင်တရားသူကြီး**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၆၂၄)ဟုခေါ်တွင်သော ဦးခင်မောင်သန်းအမည်ပေါက်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ရုံး/အိမ်** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **အမှတ်(၂)၊ ရဲရန်နိုင်လမ်း၊ (၃၆)ရပ်ကွက်** | **ဦးတင်ထူးလှိုင်** |
| **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉-၄၃၀၆၇၃၁၉** | **စဉ်-၂၄၂၉၂** |

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ပွဲစားမလို)

၁။ စမ်းချောင်း၊ ဗဟိုလမ်းမ၊ ပေ(၁၅×၆၀)၊ ငါးလွှာ၊ ပါကေးပြည့်၊ သံပန်းပြည့်၊ ဆန်းရှိတ်၊ ကောနစ်၊ ကြွေပြားကပ်ပြီး၊ အိပ်ခန်း(၂)ခန်း၊ ဘိုထိုင်အိမ်သာ၊ ပြင်ဆင်ပြီးအသင့်နေ။ ကျပ် ၂၈၅ သိန်း

၂။ စမ်းချောင်း၊ လက်ပံလမ်း၊ ပေ(၃၀×၄၅)၊ ငါးလွှာ၊ ပါကေးပြည့်၊ သံပန်းပြည့်၊ ဆန်းရှိတ်၊ ကောနစ်၊ ကြွေပြားကပ်ပြီး၊ အိပ်ခန်း(၂)ခန်း၊ ဘိုထိုင်အိမ်သာ၊ ပြင်ဆင်ပြီးအသင့်နေ။ ကျပ် ၃၈၅ သိန်း

ဖုန်း-၀၉-၇၃၂၀၁၁၇၉

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ ဆဋ္ဌမတန်းမှ မောင်ထက်အောင်ကျော်၏ မိဘအမည်မှန်မှာ ဦးအောင်လှိုင်ထွန်း၊ ဒေါ်ကြာရှန်(ခ)နီနီအောင် ဖြစ်ပါသည်။

## သွေးသည်အသက်

# စူပါထန်းကြွယ်ထူဒွေးရွေးချယ်ပွဲ နှင့် (၂)ထပ်ထွမ်းအထျိုးပံစားခွင့်ထံထူးရှင်များစာရင်း

[illegible] (၁၀)ထုပ်ဝင် (၂၀)ထုပ်ဝင် (၂၅)ထုပ်ဝင် [illegible]

◆ အစီအစဉ်ကာလ (၁၀ . ၃ . ၂၀၁၂) အထိ ◆ နှုတ်ယ[illegible]

## ကျပ် (၁၀) သိန်း

| | | | | | | |
|---|---|---|---|---|---|---|
| S 1047774 | S 1014047 | S 2000243 | SF 2405522 | SF 2430198 | SF 2711096 | SF 2735416 |

## ကျပ် (၁) သိန်း

[illegible]

## ကျပ် (၅) သောင်း

[illegible]

## ကျပ် (၂) သောင်း

[illegible]

[illegible] (01-2399000) [illegible] www.super.com.mm [illegible] download [illegible] Flower News [illegible] www.super.com.mm [illegible]

## ၇-၆-၂၀၁၂ မှ ၂၇-၆-၂၀၁၂ အထိ စာချုပ်စာတမ်း(၃ပတ်)သင်တန်း စတင်စာရင်းသွင်းနိုင်

**သင်တန်းချိန်** - နံနက် ၇ နာရီ နှင့် ညနေ ၃ နာရီစသည်။
**တည်နေရာ** - ၁၃၀၊ ၃၀၊ လေးလွှာ၊ ဆူးလေဘုရားလမ်း(ဗဟိုမီးသတ်မျက်နှာချင်းဆိုင်)
(Parisian Cake အပေါ်ဆုံးထပ်)
ပြည်တွင်းစာချုပ်မျိုးစုံ-၄၇၀၀၀ိ/
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၅၁၆၅၁၆၀၊ ၀၁-၂၅၀၂၁၇

## ငှားမည်

**ရုံးခန်းဖွင့်ရန်သင့်တော်သောတိုက်ခန်း (ဒုတိယထပ်)**
**(ရွှေ့၊ နောက်၊ ထပ်ခိုးပါ၊ ဖုန်းပါ၊ ဗားဂရာလမ်းမကျယ်၊ စမ်းချောင်းမီးသတ်အနီး/မျက်စောင်းထိုး)**
**ကျပ် ၂၃၀၀၀၀ (ညှိနှိုင်းဈေး)**

## ဖခင်အမည်မှန်

ဟိုပင် အထက(စက်ကုန်း)အဌမတန်းမှ မောင်ပေါ်ရကား(စ်) (ခ) မောင်ပူရ်နာဗဟာဒူး၏ ဖခင်အမည်မှန်မှာ ဦးဒိတ်ဗဟာဒူး ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(၁)၊ န၀မတန်း(B)မှ မောင်ထွန်းနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လေး ဖြစ်ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ ရွှေပေါ်ကျွန်းဘုရားပွဲတော် လေလံကြော်ငြာ

နှစ်စဉ် တော်သလင်းလဆန်း ၈ ရက်မှ ၄င်းလပြည့်ကျော် ၈ ရက်အထိ ကျင်းပမြဲဖြစ်သော မြောင်မြို့ ရွှေပေါ်ကျွန်းဘုရားပွဲတော်၏ ယခုနှစ် လေလံအားလုံးကို ၁၃၇၄ ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက်၊ ၂၃-၆-၂၀၁၂ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရွှေပေါ်ကျွန်းဘုရား အာရုံခံအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| ဂေါပကရုံး | ဖုန်း-၀၇၁-၄၃၁၁၉ |
| ဦးကြိုင် | ဖုန်း-၀၇၁-၄၃၀၄၁ |
| ဦးစိန် | ဖုန်း-၀၇၁-၄၃၀၄၅ |
| ဦးမြင့်သိန်း | ဖုန်း-၀၇၁-၄၃၀၄၆ |

## ဖမ်းဆီးရမိမီးသွေးနှင့် အခြားသားမျောလုံးများ ရောင်းချရန် လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊အလုံမြို့နယ်ရှိ ဖမ်းဆီးရမိသည့် ပုံစံ(၈)ဝင် မီးသွေး ၅၀၇၄ အိတ် ၁၂၂၂ဒသမ၇၂တန်၊ အခြားသားမျော ၆၆၄၀ လုံး၊ စုစုပေါင်း လပ်ပုံ(၅)ပုံအား မျက်မြင်အခြေအနေအတိုင်း အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ သစ်တောဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၌ ၈-၆-၂၀၁၂ ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်လေလံရောင်းချမည့် လပ်ပုံအလိုက် စာရင်းများကို အောက်ဖော်ပြပါ ဌာနများတွင် ဆက်သွယ်ရရှိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**(က) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ အလုံမြို့နယ် ဖုန်း-၀၁-၅၂၈၈၈၆**
**(ခ) လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တော်ဦးစီးဌာန၊ ဖုန်း-၀၁-၅၂၈၈၈၅ ရန်ကုန်အနောက်ပိုင်းခရိုင်**
**(ဂ) ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၆၈၁၉၁၆**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့ အလက(၆)၊ ဒုတိယတန်း(A)မှ မောင်အောင်မြတ်၏ဖခင်အမည်မှန်မှာ ဦးသီလမင်းဒင် ၁၀/မကမ(နိုင်)၁၆၇၀၂၄ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးဘန်အောင်၏သား မြစ်ကြီးနားမြို့၊ အလက(၅)၊ စတုတ္ထတန်းမှ မောင်ဒိုင်ဆီအား မောင်ဘွမ်ဆိုင်းခေါင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘွမ်ဆိုင်းခေါင်**

## PUBLIC COMPANY ဖွဲ့စည်းရန်အတွက် ပဏာမအကြံပြုဆွေးနွေးပွဲ ပြုလုပ်ရန် ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်တစ်ခုလုံး၏ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး အများပိုင်ကုမ္ပဏီတစ်ခုဖွဲ့စည်းရန်အတွက် ၂၀၁၂ခုနှစ်၊ ဇွန် ၁၀ရက် ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတိတိတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ပဏာမအကြံပြု တွေ့ဆုံဆွေးနွေးပွဲ ကျင်းပလိုပါသဖြင့် စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ New Generation လူငယ်များ၊ မည်သူမဆို တက်ရောက်အကြံပြုဆွေးနွေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကုမ္ပဏီဖြစ်မြောက်ရေးအဖွဲ့**
**ဖုန်း-၀၉-၄၂၀၀၉၀၈၅၆**
**e-mail : arkpubliccompany@gmail.com**
**Facebook : Royal Rakhine**




## အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၉၀၅၇/ ၂၀၁၁(၆-၆-၂၀၁၁)ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာအား အပြီးအပိုင်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးဒါ၀တ် ၁၂/မဂဒ(နိုင်)၀၈၇၁၂၀ သည် သာကေတမြို့နယ်၊ ရန်ပြေ(၃)ရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၃၃နေ ပွဲစား ဦးခင်မောင်ဝင်း၏ ပြောကြားမှုအရ ၄င်း၏ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့စန်း ၁၂/သကတ(နိုင်)၀၄၀၁၈၂ ထံသို့ အထက်ပါ ကိုယ်စားလှယ်လွှဲစာကို ပေးအပ်ခဲ့ပါသည်။ ဦးခင်မောင်ဝင်းနှင့် ဒေါ်နွဲ့နွဲ့စန်းသည် မူလကိုယ်စားလှယ်လွှဲစာရယူစဉ် ပြောဆိုခဲ့သည့်အလုပ်များကို မလုပ်ကိုင်ဘဲ မသိနားမလည်သူ ကျွန်တော်ဦးဒါ၀တ်၏ အကျိုးထိခိုက်စေမည့် အခြားသော အလုပ်များကိုသာ ဥပဒေနှင့်မညီ လုပ်ဆောင်နေသည့်အပြင် ကျွန်တော့်ထံမှ ကိုယ်စားလှယ်စာကို လှည့်ဖြားရယူသွားပါသဖြင့် ဒေါ်နွဲ့နွဲ့စန်းအား ကျွန်တော်မှ ပေးအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ အပြီးတိုင်ရုပ်သိမ်းပြီးဖြစ်ကြောင်းနှင့် ဒေါ်နွဲ့နွဲ့စန်း၏ ကိုယ်စားလှယ်လွှဲစာအရ လုပ်ဆောင်မှုများကို လုံး၀ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဒါ၀တ် ၁၂/ မဂဒ(နိုင်)၀၈၇၁၂၀**
**အမှတ် ၄၁၊ ကံ့ကော်လမ်း၊ ပေါက်ကုန်းအပိုင်း(၁၁)၊**
**ခလောက်ကွန်တိုင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**

## (၂၅)နှစ်ပြည့် ငွေရတု မင်္ဂလာဆုမွန်လွှာ

ဖေဖေရဲမှူးကြီး မျိုးဆွေဝင်းနှင့် မေမေ ဒေါ်စိုးစိုး သက်တို့၏ ၅-၆-၂၀၁၂ ရက်တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝလမ်းကို အတူယှဉ်လက်တွဲ မခွဲမခွာ ချစ်ကြင်စွာဖြင့် ချစ်သောသားတို့နှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သားကြီး - ဒေါက်တာဇင်လင်းထူး**

**ချစ်သားငယ် - မောင်ထက်အာကာဖြိုး 2nd M.B**

**(University of Medicine II)**

## ရွှေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ပါပါ ဗိုလ်မှူးကြီးအောင်မြင့်ဘော်(ငြိမ်း) B.A,R.L နှင့် ချစ်မေမေ ဒေါ်ဝင်းဝင်းထွန်း M.A(Myanmar) တို့၏ ၅-၆-၂၀၁၂ရက်တွင် ကျရောက်သည့် နှစ် (၅၀)ပြည့်ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာချစ်သောသား၊ သမီး၊ မြေးများနှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သား၊ သမီးများ-**

- **မစုစန္ဒာ B.A(Geography)**
- **မောင်မျိုးသန္တါ B.A(Myanmar)(ခေတ္တ-စင်ကာပူ)-**
  **မခိုင်မျိုးယဉ် B.A(English)(Hons:)(ခေတ္တ-စင်ကာပူ)**
- **ဒုဗိုလ်မှူးကြီးအောင်ဆန်းဦး B.Sc(D.S.A) -**
  **ဒေါက်တာသုနန္ဒာ Ph.D(Computer Hardware Technology)**
  **[ကထိက၊ သုတနည်းပညာဌာန၊ နည်းပညာတက္ကသိုလ် (မော်ဘီ)]**
- **မသန္တါအောင် B.B.A (Y.I.E)**

**ချစ်မြေးများ-**

- **မောင်ဉာဏ်ကောင်းဆက်၊ မဆုရတီဝင်း(ဝိုင်းမူကြို)**

## မွေးနေ့ဆုမွန်

သားချစ်ဒေါက်တာအောင်ဟိဏ်းကျော်၏ ၅-၆-၂၀၁၂ ရက်နေ့တွင် ရောက်ရှိသော မွေးနေ့မှစ၍ ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော ကိုယ်ကျင့်သီလတို့ဖြင့် ပြည့်စုံ၍ နိုင်ငံတော်၏ အကျိုးကို သယ်ပိုးရွက်ဆောင်နိုင်သော သမားကောင်းတစ်ယောက် ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မေမေကြည် - ဒေါ်ကြည်ကြည်အေး**

**မေမေစိန် - ဒေါက်တာစိန်စိန်အောင် (ပါမောက္ခ၊ ဌာနမှူး၊ မုံရွာတက္ကသိုလ်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## Information and Public Relations Department
## ဌာနအမှတ်တံဆိပ်(Logo)ပြိုင်ပွဲ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Information and Public Relations Department (IPRD) ၏ လုပ်ငန်းဆောင်တာကိစ္စများတွင် ထည့်သွင်းအသုံးပြုရန်ဌာန၏ အမှတ်တံဆိပ် (Logo)အတွက် ပြိုင်ပွဲများ ဖိတ်ခေါ်အပ်ပါသည်။

(က) မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ခံရပါကဆုငွေကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်းတိတိ)ချီးမြှင့်ပါမည်။

(ခ) ဌာန၏ အမှတ်တံဆိပ်တွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့်ပြည်သူများ အသိပညာဗဟုသုတရရှိရန် စာကြည့်တိုက်များ တည်ဆောက်ဖွင့်လှစ်ပေးနေသည့် လုပ်ငန်းများကို တည်ကြည်လေးနက်သော အဓိပ္ပာယ်များဖြင့် ဖော်ဆောင်ရေးဆွဲပေးရမည်။

(ဂ) ပြိုင်ပွဲဝင်သည့် မိမိ၏ ကိုယ်တိုင်စိတ်ကူးစိတ်သန်းဖြင့် ရေးဆွဲထားသောပုံများဖြစ်ကြောင်း ဝန်ခံချက်ပူးတွဲတင်ပြရမည်။ စိတ်ကူးဒီဇိုင်းတူညီပါက ဦးစွာပေးပို့သော သူကိုယ်သာ အတည်ပြုမည်။

(ဃ) ပြိုင်ပွဲဝင်တစ်ဦးလျှင်ဒီဇိုင်းငါးမျိုးအထိ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မိမိတို့၏ (Logo) ဒီဇိုင်းများနှင့် ပတ်သက်၍ ရှင်းလင်းချက်များပါရှိရမည်။

(င) ရွေးချယ်မခံရသော ဒီဇိုင်းများကို ပြန်လည်တောင်းယူနိုင်သည်။

(စ) ဆုရွေးချယ်ခံရသော ဒီဇိုင်းများနှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ဌာနအဆုံးအဖြတ်သာ အတည်ဖြစ်သည်။

(ဆ) ရွေးချယ်ခံတံဆိပ်၏တစ်ဦးတည်းမူပိုင်ခွင့်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပိုင်ဆိုင်မည်ဖြစ်ပြီး မူပိုင်ခွင့်အရ တံဆိပ်ကို အမျိုးမျိုး သုံးစွဲပိုင်ခွင့်ရှိစေရမည်။

(ဇ) ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်အပြည့်အစုံနှင့်တကွ ၅လက်မ×၅လက်မ အရွယ်အမှတ်တံဆိပ်ဒီဇိုင်းကို A4 စာရွက်ပေါ်၌ ဖော်ပြပေးပို့ရမည်။

(ဈ) တို့အပြင်ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ (Billboards)အထိ အသုံးပြုနိုင်သော အရည်အသွေးမြင့် အမှတ်တံဆိပ်ဒီဇိုင်း Photoshop ဖိုင်ပါဝင်သော CDတစ်ချပ်ကို ပူးတွဲပေးပို့ရမည်။

(ည) ပြိုင်ပွဲဝင်ဒီဇိုင်းများကို ၃၀-၆-၂၀၁၂ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့ကို ဆက်သွယ်ပေးပို့ရမည်။

## အကြောင်းကြားဆက်သွယ်ပါရန်

ဘင်္ဂါလီလူမျိုး အဘဟာဂျီဦးကော်တမ်အလီ (ကွယ်လွန်သူ အင်ဂျင်နီယာ) ၏သား မိုဟမ္မဒ်မဂျစ်နှင့် သမီးဒေါ်ဇော်ရာ (ခန့်မှန်းအသက် ၉၀ရှိ)သူများနှင့် ၎င်းတို့၏သားချင်းများ အောက်ဖော်ပြပါဖုန်းသို့ အကြောင်းကြားဆက်သွယ်ကြပါရန်။ ဖုန်း-၀၁-၂၉၁၉၅၉၊ ၀၉-၄၂၁၀၂၃၃၂၉



## အမြန်ရောင်းမည်

သက်တမ်း ၁နှစ်မပြည့်သေးသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်စာ ပစ္စည်းများ (ရေခဲသေတ္တာ၊ ကျွန်းစားပွဲ၊ ကျွန်းထိုင်ခုံ အပါအဝင်) ရောင်းမည်။

ဖုန်း-၀၉-၅၀၂၈၁၆၇၊ ၀၉-၅၁၀၈၀၁၆

5-6 (14).pmd 1 6/5/2012, 3:10 AM

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
## ကြေညာချက် (၁/၂၀၁၂)
**နေပြည်တော်၊ ၁၃၇၄ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ရက်**
**(၂၀၁၂ခုနှစ် မေလ ၇ရက်)**

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက် လုပ်ကွက်များအနက်မှ ၂၀၁၁ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၂ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

**၂။ လုပ်ကွက်များအဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးအထောက်အထားများ ခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ Bank Statement ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၁၂ခုနှစ် မေ ၁၄ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၂ခုနှစ် မေ ၁၄ရက်မှ ဇွန် ၁၂ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

**၄။ ဈေးပြိုင်အဆိုပြုလွှာခေါ်ယူမည့် သက်တမ်းကုန်လုပ်ကွက်များအတွက် လုပ်ကွက်သက်တမ်းကို တစ်နှစ်စီဖြင့် (၃)နှစ်သတ်မှတ်ပါသည်။**

**၅။ အာမခံစပေါ်ငွေ (Deposit) ပေးသွင်းခြင်းကို လုပ်ကွက်တစ်ကွက်အတွက် တစ်ဆယ်သိန်းသတ်မှတ်ပါသည်။**

၆။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၇။ အာမခံစပေါ်ငွေအဖြစ်ပေးသွင်းထားသည့် ငွေကျပ် တစ်ဆယ်သိန်းနှင့်ပတ်သက်၍ လုပ်ငန်းရှင်က အဆိုပြုတင်ပြသည့် လုပ်ကွက်ကို ဦးစီးကော်မတီက ခွင့်ပြုမိန့်ထုတ်ပေးရန် အတည်ပြုပါက လုပ်ငန်းရှင်မှ ကြိုတင်ပေးသွင်းထားသည့် စပေါ်ငွေကျပ် တစ်ဆယ်သိန်းအား ပေးသွင်းရမည့်အဆိုပြုငွေမှ ခုနှိမ်ပြီးနိုင်ငံတော်သို့ အဆိုပြုငွေများပေးသွင်းရေးဆောင်ရွက်ပါမည်။

၈။ အဆိုပြုလွှာတင်ထားသည့် လုပ်ကွက်ကို ခွင့်ပြုမိန့်မရရှိပါက ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေကျပ် တစ်ဆယ်သိန်းကို သက်ဆိုင်ရာ လုပ်ငန်းရှင်သို့ ပြန်လည်ထုတ်ပေးပါမည်။

၉။ သက်ဆိုင်ရာလုပ်ငန်းရှင်မှ သတ်မှတ်ခွင့်ပြုကာလတစ်လအတွင်း (သို့မဟုတ်) ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ခွင့်ပြုသည့်ကာလအတွင်း လာရောက်ဆက်သွယ်မှုမပြုခြင်း၊ သတ်မှတ်ကာလအတွင်း အဆိုပြုငွေပေးသွင်းရန် ပျက်ကွက်ခြင်း၊ အဆိုပြုလွှာ/လျှောက်လွှာများတင်ထားပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးပြ၍ အဆိုပြုလွှာ/လျှောက်လွှာကို ပယ်ဖျက်ခွင့်တင်ခြင်း၊ လျှောက်လွှာများတင်ထားပြီးနောက် ကြီးကြပ်ရေးလုပ်ငန်းကော်မတီအနေဖြင့် လုပ်ကွက်ကိစ္စအပါအဝင် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်အား ဆက်သွယ်ဆောင်ရွက်ရာတွင် အဆိုပြုလျှောက်ထားသူမှ တစ်စုံတစ်ရာ ပြန်ကြားခြင်းမပြုဘဲ တစ်လအတွင်း လူကိုယ်တိုင်လာရောက်ဆက်သွယ်မှု မပြုခြင်းများ ပြုလုပ်လျှင် စပေါ်ငွေများကို သက်ဆိုင်ရာလုပ်ငန်းရှင်အား ပြန်လည်ထုတ်ပေးခြင်းမပြုဘဲ နိုင်ငံတော်စာရင်းသို့ ပေးသွင်းပါမည်။

၁၀။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များကို အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၁၁။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့်မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
## ကြေညာချက်(၂/၂၀၁၂)
**နေပြည်တော်၊ ၁၃၇၄ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်**
**(၂၀၁၂ ခုနှစ် မေ ၇ ရက်)**

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၁၂ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ(ပုဒ်မ ၁၂)၊ (ပုဒ်မ ၁၃)၊ (ပုဒ်မ ၁၅)တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးအထောက်အထားများခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်)နိုင်ငံတော်ကအသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း ။** ။ အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၁၂ ခုနှစ် မေ ၂၁ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း ။** ။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့်ပူးတွဲပုံစံ (ဖထ-၁)တို့တွင် လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တင်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိတ်ထိုးပြီး ၂၀၁၂ခုနှစ် မေ ၂၁ရက်မှ ဇွန်၁၉ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ဈေးပြိုင်အဆိုပြုလွှာခေါ်ယူမည့်သက်တမ်းလုပ်ကွက်များအတွက် လုပ်ကွက်သက်တမ်းကို တစ်နှစ်စီဖြင့် သုံးနှစ်သတ်မှတ်ပါသည်။

၅။ အာမခံစပေါ်ငွေ(Deposit) ပေးသွင်းခြင်းကို လုပ်ကွက်တစ်ကွက်အတွက် ကျပ် တစ်ဆယ်သိန်းသတ်မှတ်ပါသည်။

၆။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၇။ အာမခံစပေါ်ငွေအဖြစ် ပေးသွင်းထားသည့် ငွေကျပ်တစ်ဆယ်သိန်းနှင့် ပတ်သက်၍ လုပ်ငန်းရှင်က အဆိုပြုတင်ပြသည့်လုပ်ကွက်ကို ဦးစီးကော်မတီက ခွင့်ပြုမိန့်ထုတ်ပေးရန်အတည်ပြုပါက လုပ်ငန်းရှင်မှ ကြိုတင်ပေးသွင်းထားသည့် စပေါ်ငွေတစ်ဆယ်သိန်းအား ပေးသွင်းရမည့်အဆိုပြုငွေမှခုနှိမ်ပြီး နိုင်ငံတော်သို့ အဆိုပြုငွေများပေးသွင်းရေးဆောင်ရွက်ပါမည်။

၈။ အဆိုပြုလွှာတင်ထားသည့် လုပ်ကွက်ကို ခွင့်ပြုမိန့်မရရှိပါက ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေကျပ် တစ်ဆယ်သိန်းကို သက်ဆိုင်ရာလုပ်ငန်းရှင်သို့ ပြန်လည်ထုတ်ပေးပါမည်။

၉။ သက်ဆိုင်ရာလုပ်ငန်းရှင်မှ သတ်မှတ်ခွင့်ပြုကာလတစ်လအတွင်း(သို့မဟုတ်) ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ခွင့်ပြုသည့်ကာလအတွင်း လာရောက်ဆက်သွယ်မှုမပြုခြင်း၊ သတ်မှတ်ကာလအတွင်း အဆိုပြုငွေပေးသွင်းရန် ပျက်ကွက်ခြင်း၊ အဆိုပြုလွှာ၊ လျှောက်လွှာများတင်ထားပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးပြ၍ အဆိုပြုလွှာ၊ လျှောက်လွှာကို ပယ်ဖျက်ခွင့်တင်ခြင်း၊ လျှောက်လွှာများတင်ထားပြီးနောက်ကြီးကြပ်ရေးလုပ်ငန်းကော်မတီအနေဖြင့် လုပ်ကွက်ကိစ္စအပါအဝင် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်အား ဆက်သွယ်ဆောင်ရွက်ရာတွင် အဆိုပြုလျှောက်ထားသူက တစ်စုံတစ်ရာပြန်ကြားခြင်းမပြုဘဲ တစ်လအတွင်း လူကိုယ်တိုင် လာရောက်ဆက်သွယ်မှုမပြုခြင်းများပြုလုပ်လျှင် စပေါ်ငွေများကို သက်ဆိုင်ရာလုပ်ငန်းရှင်အား ပြန်လည်ထုတ်ပေးခြင်းမပြုဘဲ နိုင်ငံတော်စာရင်းသို့ ပေးသွင်းပါမည်။

၁၀။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့်လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအား ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များကို အဆိုပြုလျှောက်ထားခွင့်မပြု (မပြု)ပါ။

၁၁။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင်အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့်မိုင်းရှူး၊လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်း စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Horiba Compact Nitrate Pocket Tester With Strip (Twim $No_3$ Cole Palmer) | 1 |
| 2 | Portable Plant Imager | 1 |
| 3 | Digital Chlorophy II SPAD Meter (Minolta 502) | 5 |
| 4 | Aluminium Block Hot Digester | 2 |
| 5 | Spectrophotometer | 2 |
| 6 | Medium Dispenser | 1 |
| 7 | Stereo Microscope With Digital Camera Attached | 1 |
| 8 | Humidifier | 2 |
| 9 | Vacuum Pump | 1 |
| 10 | Ultra Sonic Cleaner | 1 |
| 11 | Glass Ware | 1-Lot |
| 12 | Chemical Reagents | 1-Lot |

၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၂ ခုနှစ် ဇွန် ၂၂ ရက် ညနေ ၁၆း၀၀နာရီတွင်ပိတ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဤတက္ကသိုလ်ငွေစာရင်းဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်မှုစိစစ်ရေးကော်မတီ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ရုံးဖုန်း-၀၆၇-၄၁၆၅၁၂**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်စီးပွားရေးတက္ကသိုလ်)

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | သင်တန်းအမျိုးအစား | သင်တန်းကာလ |
|---|---|---|
| (က) | Diploma in Development Studies (Dip.DS) | (၉လသင်တန်း) |
| (ခ) | Diploma in Business Studies (DBS) | (၉လသင်တန်း) |
| (ဂ) | Diploma in Management Accounting(DMAc) | (၉လသင်တန်း) |
| (ဃ) | Diploma in Financial Accounting (DFAc) | (၉လသင်တန်း) |
| (င) | Diploma in Secretarial Management (DSM) | (၆လသင်တန်း) |
| (စ) | Certificate in Advanced Accounting (CAA) | (၆လသင်တန်း) |
| (ဆ) | Certificate in Book -Keeping (CBK) | (၆လသင်တန်း) |
| (ဇ) | Certificate in Advanced Business Studies(CABS) | (၃လသင်တန်း) |
| (ဈ) | Certificate in Business Studies (CBS) | (၃လသင်တန်း) |

၂။ (က) Dip.DS သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရသူများဖြစ်ရမည်။

(ခ) DBS, DMAc, DFAc သင်တန်းများအတွက် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့(သို့မဟုတ်) ဒီပလိုမာရရှိထားသူများ၊ စီးပွားရေးဘာသာရပ်တစ်ခုခုဖြင့် ဘွဲ့(သို့မဟုတ်) ဒီပလိုမာရရှိထားသူများ(သို့မဟုတ်) CABS နှင့် CAA လက်မှတ်ရရှိထားသူများဖြစ်ရမည်။

(ဂ) CABS သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ CBS လက်မှတ်ရရှိထားသူများလည်း လျှောက်ထားနိုင်သည်။

(ဃ) DSM, CBS, CAA, CBK သင်တန်းများအတွက် အနိမ့်ဆုံးပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။ CAA သင်တန်းအတွက် အခြေခံစာရင်းရေးနှင့် စာရင်းကိုင်ပညာ သင်ကြားဖူးသူဖြစ်ရမည်။

၃။ **လျှောက်လွှာစတင်လက်ခံမည့်နေ့** -၂၈-၅-၂၀၁၂ရက် (တနင်္လာနေ့)

၄။ **လျှောက်လွှာပိတ်မည့်နေ့** -၂၂-၆-၂၀၁၂ရက် (သောကြာနေ့)

၅။ **သင်တန်းစတင်မည့်နေ့** -၂၅-၆-၂၀၁၂ရက် (တနင်္လာနေ့)

၆။ **သင်တန်းချိန်များ**

**Dip.DS, DBS, DMAc, DFAc**
- တနင်္လာနေ့မှ သောကြာနေ့အထိ (၁၇း၃၀မှ ၁၉း၃၀)နာရီအထိ

**CAA**
- စနေနေ့နှင့် တနင်္ဂနွေနေ့ (၈း၀၀-၁၂း၀၀)နာရီ၊ (၁၃း၀၀-၁၇း၀၀)နာရီအထိ

**CBK**
- စနေနေ့(၁၃း၀၀-၁၆း၀၀)နာရီ၊ တနင်္ဂနွေနေ့ (၈း၀၀-၁၁း၀၀)နာရီအထိ

**CBS, CABS**
- တနင်္လာနေ့မှ သောကြာနေ့အထိ (၇း၃၀မှ ၉း၀၀)နာရီအထိ

**DSM**
- တနင်္လာနေ့မှ စနေနေ့အထိ (၇း၃၀မှ ၉း၃၀)နာရီအထိ

၇။ ဓာတ်ပုံ သုံးပုံ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မူရင်း/မိတ္တူ၊ ဘွဲ့လက်မှတ် (သို့)အောင်လက်မှတ် မူရင်း/မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ ယူဆောင်လာရမည်။

၈။ဆက်သွယ်ရန်လိပ်စာ-လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)

၉။အသေးစိတ်သိရှိလိုပါက- ဖုန်း-၅၃၆၄၃၆၊ ၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၈၅၀၇၅၊ ၆၆၀၆၅၉တို့တွင် စုံစမ်းနိုင်ပါသည်။

၁၀။သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

**အတွင်းရေးမှူး**
**သင်တန်းကြီးကြပ်ရေးကော်မတီ**

**အမည်ပြောင်း**

တောင်ကြီး၊ အထက(၄)၊ သတ္တမတန်း(F)မှ ဦးစန်းလွင်၏သား မောင်ဇေယျာထွန်းထွန်းအား မောင်သောင်းထိုက်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သောင်းထိုက်စံ**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

မန္တလေးမြို့တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဦးထွန်းဝေ ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာရှေ့တွင် ၂၃-၅-၂၀၁၂ရက်က အမှတ် DOCNo -၅၆၇၀/၁၂ဖြင့် ဒေါ်ဝါဝါ(ခ)ဒေါ်ဆင်ဝါက ဦးဝဏ္ဏမောင်(ဘ) ဦးတင်အောင်၁၂/မရက(နိုင်)၀၀၄၀၁၉အား အထွေအထွေကိုယ်စားလှယ်လွှဲအပ်မှုကို ၂၈-၅-၂၀၁၂ရက်က ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါ(ခ) ဒေါ်ဆင်ဝါ EMGI-၁၀၆၆၁၄ ၏ညွှန်ကြားချက်အရ-**
**ဦးဝင်းဌွေး B.A.,R.L တရားလွှတ်တော်ရှေ့နေ (၂၂၅၆)**
**အမှတ် ၆၂(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၅၀၈၀၃**

## အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်သာကီ ၇လမ်း၊ က/၃၀၉ ကျွန်မ ဒေါ်ခင်ခင်မြင့်(ခ)မိုးမိုး ၁၂/ဥကမ(နိုင်)၁၁၇၇၈၄၏သား မောင်ပြည့်စိုးအောင်(ခ)တရုတ် ၁၂/ဥကမ(နိုင်)၂၁၃၉၂၆ သည် မိဘညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိဘများ၏ စကားနားမထောင်ပါသဖြင့် သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်မယူကြောင်း ကြေညာပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ခင်ခင်မြင့်(ခ)မိုးမိုး**
**၁၂/ဥကမ(နိုင်)၁၁၇၇၈၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ဘုရားကုန်းအဆင့်(၁)၊မြေကွက်အမှတ်၄၂၀ အမည်ပေါက် ဦးတင်ညွန့်၏မြေကွက်အားလက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်သူဇာအောင် ၁၂/ဥကမ(နိုင်)၀၃၄၇၁၅က ငွေသွင်းချလန်မူရင်းနှင့် မြေကွက်စလစ်မူရင်းများ တင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ သန်လျင်-ကျောက်တန်း ဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ-၂)မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ-၂**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တရားရုံး**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၅**

ဦးထွန်းထွန်းစိုး **နှင့်** ၁။ဦးဘိုးဦး၊ ၂။ ဦးအောင်မြိုင်
**တရားလို** **တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်များဖြစ်သော ၁။ ဦးဘိုးဦး ၂။ ဦးအောင်မြိုင် ယခင်အမှတ် ၄၇၄၊ ဗဟိုလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလို ဦးထွန်းထွန်းစိုးက မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား အရောင်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇွန် ၁၁ရက် (၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၁၂ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**ဦးကျင့်ဇကပ်**
**(တွဲဖက်မြို့နယ်တရားသူကြီး)**
**အင်းစိန်မြို့နယ်တရားရုံး**

[illegible]

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၇/မြို့မအနောက်ရပ်၊ မြေကွက်အမှတ် ပ-၃၀၅၅၅အမည်ပေါက် ပိုင်ရှင် ဦးကျော်ဆန်းလွင် သေဆုံးသွားသဖြင့် တရားဝင်ဇနီး ဒေါ်သီရိစိုးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားဂရန်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှု အထောက်အထား မူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် ၁ ရပ်ကွက်၊ အကွက်အမှတ် ဏ-၈၊ ဦးပိုင်အမှတ် ၃၃၊ ၆၂လမ်း × ၆၃လမ်း၊ ပိတောက်လမ်း × သိပ္ပံလမ်း၊ ဗိုလ်ကြီးစိုးလင်းကျော် အမည်ပေါက် မြေကွက်အား ဒေါ်နန်းလင်းလင်းထွန်း ၁/မကတ(နိုင်)၀၀၀၄၀၄ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊မြိုင်သာယာကွက်သစ်၊မြေကွက်အမှတ် ၅၉၉၊မူလအမည်ပေါက် ဦးခင်မောင်လွင်၏မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်တင်နွယ် ၁၂/ကတန(နိုင်)၀၁၄၄၆၆က မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းများတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ မြေယာရုံးခွဲ-၂၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၃၊ ဦးပိုင်အမှတ် (၆၆)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ဦးရင်၊ ဒေါ်ရွှေ အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဒေါ်မမကြီး ၉/မရမ(နိုင်)၀၂၃၆၁၇၊ဦးသိန်းလွင် ၅/အရတ(နိုင်)၀၄၄၁၃၄၊ ဦးစောမောင် ၁၂/ဥကတ(နိုင်)၀၂၀၉၀၁၊ ဒေါ်မူမူမြင့် ၉/မရမ(နိုင်)၀၄၃၈၁၉၊ ဒေါ်မမလေး ၅/စလက(နိုင်) ၀၀၈၅၆၇ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို ၁ ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တရားရုံး**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၆**

ဦးမျိုးမြင့်ဇော် **နှင့်** ၁။ မဖွား
၂။ ဦးအောင်မြိုင်
**တရားလို** **တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်များဖြစ်သော ၁။ မဖွား၊ ၂။ ဦးအောင်မြိုင် ယခင်အမှတ် ၄၇၅၊ ဗဟိုလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုဦးမျိုးမြင့်ဇော်က မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား အရောင်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇွန် ၁၁ရက် (၁၃၇၄ ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) နံနက်၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၁၂ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**ဦးကျင့်ဇကပ် (တွံ့ဖက်မြို့နယ်တရားသူကြီး)**
**အင်းစိန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို ၁ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံး နယ်တရားမရုံး၌**
**၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၁၁၉**

ဒေါ်ခင်ဝင်း(ခ)ကျန်လန်းဖိန် **နှင့်** ဒေါ်ချိန်ဂေါ်ဟွေ (ခ)
ဒေါ်စန်းစန်းဝင်း ပါ-၂
**တရားလို** **တရားပြိုင်များ**

၁။ ဒေါ်ချိန်ဂေါ်ဟွေ(ခ)ဒေါ်စန်းစန်းဝင်း၊ ၂။ ဦးရန်စီ(ခ)ဦးရန်ချွန်ချန်၊ အမှတ် ၄၀၊ ၃၁ လမ်း၊ ၇၄×၇၅ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် ၁၁၁၄ သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇွန် ၁၄ ရက် (၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် မေ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်စောဝင်း**
**ဒုတိယခရိုင်တရားသူကြီး (၆)**
**မန္တလေးခရိုင်တရားရုံး**

## ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈ အရ)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၉**

၁။ ဦးဇော်မင်း **နှင့်** ၁။ ဦးမြသောင်း
၂။ ဦးကျော်လှိုင် ၂။ ဦးရဲဝင်း
**တရားလိုများ** **တရားပြိုင်များ**

၁။ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လှိုင်တို့က နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်အတွက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ အရ ဂေါပကအဖွဲ့စည်းမျဉ်း(မူကြမ်း)ကို အတည်ပြုပေးရန် ဦးမြသောင်းနှင့်ဦးရဲဝင်းတို့အပေါ် လျှောက်ထားလာပါသည်။

၂။ ယင်းကဲ့သို့လျှောက်ထားလာမှုတွင် အကျိုးသက်ဆိုင်သည်ဟုယူဆသော မည်သူမဆို အမှုသည်အဖြစ်ပါဝင်လိုပါက ၂၀၁၂ ခုနှစ် ဇူလိုင် ၁၂ရက် (၁၃၇၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၉ရက်) မွန်းလွဲ ၁ နာရီတွင် ကိုယ်တိုင်ဖြစ်စေ၊ နည်းလမ်းတကျလွှဲအပ်ထားသော အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

၃။ သတ်မှတ်ကာလအတွင်း လာရောက်လျှောက်ထားခြင်းမရှိလျှင် ဥပဒေနှင့်အညီ စစ်ဆေး၊ ကြားနာ၊ ဆုံးဖြတ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၂ ခုနှစ် မေ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**အေးမူ**
**ဒုတိယညွှန်ကြားရေးမှူး၊ တရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

[illegible]

[illegible]

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက အထောက်အထား၊ စာရွက်စာတမ်းများဖြင့် ၁၅ရက်အတွင်း သက်ဆိုင်ရာရုံးတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင်စာအုပ်မိတ္တူအားထုတ်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | ယာဉ်အမှတ် | အမျိုးအမည် | အမျိုးအစား | ယာဉ်လက်ဝယ်ရှိသူအမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | မှတ်ပုံတင်ရုံး |
|---|---|---|---|---|---|---|---|
| ၁ | ၅ယ/၁၄၃၉ | ကမ်ဘို ၉၀ | ဆိုင်ကယ် | ဒေါ်ခင်စန္ဒာမြ | ၉/မနတ(နိုင်)၀၀၁၈၃၁ | ကွက် (၃၁)က၊ ဥပုသ်တော်ရပ်၊ အောင်မြေသာဇံမြို့နယ်၊မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၂ | မတလ/၃၂၅၁၇၆ | ဒိုင်း ၁၁၀ | ဆိုင်ကယ် | ဒေါ်သင်းသင်းနိုင် | ၁၂/မတန(နိုင်)၀၂၅၂၃၁ | ကွက် (၃၃၄)၊ ရန်ကင်းသာယာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၃ | ၁၁ယ/၃၀၄၄၁ | ဂျာလင်း | ဆိုင်ကယ် | ဦးညွန့်ဝင်း | ၈/ဆပဝ(နိုင်)၀၀၂၂၈၄ | ကွက် ၃၇၄၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၄ | ၁၁ယ/၉၅၈၁၆ | လော့ဂျား ၁၁၀ | ဆိုင်ကယ် | ဦးမျိုးကိုကို | ၉/ဝတန(နိုင်)၁၃၂၀၀၉ | ရှမ်းတော၊ မိုးကုတ်မြို့။ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၅ | ၁ယ/၄၇၂၉၈ | ဟွန်ဒါစီ ၉၀ | ဆိုင်ကယ် | ဦးမြင့်စိုး | ၉/မနတ(နိုင်)၀၆၄၂၇၀ | စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၆ | ၁၇ယ/၉၇၇၇၈ | အန်ဘို ၁၂၅ | ဆိုင်ကယ် | ဦးဖြိုးမင်းသက် | ၉/ပသက(နိုင်)၁၃၁၀၄၇ | မြောက်စက်ရပ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၇ | ၁၈ယ/၆၁၈၄၃ | တိုဟွန်း ၁၁၀ | ဆိုင်ကယ် | ဒေါ်မြင့်မြင့်ဝေ | ၉/မရတ(နိုင်)၀၅၄၃၁၄ | ကွက် ၅၁၂၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၈ | ၁ယ/၅၂၆၀၄ | ဟွန်ဒါစီ ၉၀ | ဆိုင်ကယ် | ဒေါ်ထိုက်ကျော့ရီ | ၉/အမရ(နိုင်)၁၀၅၉၀၅ | အိုးတော်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၉ | ၁ယ/၃၃၁၈၁ | ယမဟာ ဒီတီ ၁၂၅ | ဆိုင်ကယ် | ဦးသီဟမျိုး | ၉/မနမ(နိုင်)၁၀၁၅၅၁ | မြရတနာတိုက်တန်း၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) |
| ၁၀ | ၁ယ/၇၃၇၉ | ဟွန်ဒါစီ ၉၀ | ဆိုင်ကယ် | ဦးအောင်အောင်မင်း | ၉/မရမ(နိုင်)၀၅၈၀၄၉ | အောင်နန်းနောက်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) |
| ၁၁ | ၁၁ယ/၄၁၁၂၇ | လုံစင်း | ဆိုင်ကယ် | ဦးဝင်းမောင် | ၅/ဆလက(နိုင်)၀၄၅၀၆၈ | ကွက် ၅၂၊ ပြည်လုံးချမ်းသာ၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) |
| ၁၂ | ၁၂ယ/၈၈၈၇၃ | ချန်လင်း | ဆိုင်ကယ် | ဦးဆန်းမင်းဝင်း | ၅/စကန(နိုင်)၁၆၈၁၉၁ | ၁၀×၁၁ကြား၊ ၈၇×၈၈ကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) |
| ၁၃ | ၇ခ/၆၇၂၆ | စူပါမန္တလာ | ဆလွန်း | ဒေါ်အေးအေးမြင့် | ၉/မရတ(နိုင်)၀၂၆၄၈၈ | ကွက် (၇၃၅) ၇၁×၂၈×၂၉လမ်း၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) |
| ၁၄ | ၂ခ/၄၉၂၂ | အီဇူဇူး | ဘတ်စ် | ဒေါ်ငွေငွေ | ၉/မရမ(နိုင်)၀၂၅၃၀၁ | ကွက် (၈၀၂)၊ ၂၆×၂၅လမ်း၊ ပြည်ကြီးမျက်မှန်ရပ်၊ မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) |
| ၁၅ | လ/၈၁၄၃ | ဆာဘုရာ ဒမင်ဂို | မိုက္ကရိုဘတ်စ် | ဦးတင်မောင်မောင်စိုး | ၉/မနမ(နိုင်)၀၀၇၄၁၃ | ကွက် ၄၆၊ ၁၉×၂၀ရန်ကင်းလမ်း၊အောင်မြေသာဇံမြို့နယ်၊မန္တလေးမြို့။ | ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) |
| ၁၆ | အ/၉၁၅၅ | ဝီလီ | ဂျစ် | ဦးတင်သိန်း | ၁၄/လပတ(နိုင်)၁၁၇၈၁၈ | ရိပ်သာလမ်း၊ လေးဒေါင့်ကန်ရပ်၊ သင်္ဃန်းကျွန်းမြို့နယ်။ | ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း) |
| ၁၇ | ၈က/၅၇၄၄ | တိုယိုတာ ကိုရိုလာ | စတေရှင်ဝက်ဂွန် | ဦးစိန်ဝင်း(ခ)အားလောက် | ၁၃/ကခန(နိုင်)၀၁၄၇၇၇ | ၇၁/၉၊ နေလလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ | ပြည်နယ်ရုံး (တောင်ကြီး) |
| ၁၈ | ၁၇ယ/၉၅၈၀၇ | ဖီလင်း ဒရင်း ၁၁၀ | ဆိုင်ကယ် | ဒေါ်ဖီးယား | ကေတီအို-၀၆၁၆၁၆ | မ-၂၅၇၊ မင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်၊ တောင်ကြီးမြို့။ | ပြည်နယ်ရုံး (တောင်ကြီး) |
| ၁၉ | ၁၀ယ/၆၇၆၆၆ | ယန်ဖင်း ၁၁၀ | ဆိုင်ကယ် | ဒေါ်စုစုမြတ် | ၈/နမန(နိုင်)၁၁၅၁၁၅ | ကန်သာယာရပ်၊ ၄လမ်း၊ မကွေးမြို့။ | တိုင်းဒေသကြီးရုံး (မကွေး) |
| ၂၀။ | ၃ခ/၂၄၆၀ | နစ်ဆန်းကောင်ဒါ | ထရပ် | ဦးကျော်မြင့် | ၉/မကန(နိုင်)၀၃၈၁၈၇ | ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့။ | ခရိုင်ရုံး (နေပြည်တော်) |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မင်းပြားမြို့နယ်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၃၁

| | | |
|---|---|---|
| ဒေါ်သန္တာငွေး | နှင့် | ၁။ ဒေါ်ဝင်းခိုင်ဖြူ(ခ)ယောင်ယောင် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ မဦးဝင်းကြည် |
| ဒေါ်မြင့်မြင့်သိန်း) | | အောင်သစ္စာလမ်း၊ ရွာသာယာ |
| ချင်းပုံလမ်း၊ ပြည်တော်သာရပ်၊ | | ရပ်၊ အောက်ရွာပိုင်းရပ်ကွက်၊ |
| အောက်ရွာပိုင်းရပ်ကွက်၊မင်းပြားမြို့။ | | မင်းပြားမြို့။ |
| **တရားလို** | | **တရားပြိုင်များ** |

(၁) တရားပြိုင် ဒေါ်ဝင်းခိုင်ဖြူ(ခ)ယောင်ယောင်နှင့် (၂) တရားပြိုင် မဦးဝင်းကြည်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အရောင်းအဝယ်စာချုပ်အရ ဝယ်ယူလွှဲပြောင်းထားပြီးသော နေအိမ်နှင့်ခြံမြေအား လက်ရောက်ရလိုမှုနှင့် အရောင်းအဝယ်စာချုပ်အားမှတ်ပုံတင်ပေးစေလိုမှုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇွန် ၁၅ရက် (၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သိန်းထိုက်ဦး**
**မြို့နယ်တရားသူကြီး**
**မင်းပြားမြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ မြို့သစ်တံတားဦးရပ်၊ အောင်စံပါယ်ဖြူလမ်း၊ အမှတ်၂၇နေ ဦးသန်းမြင့် ၆/မအရ(နိုင်)၀၁၆၃၇၂၊ ဒေါ်ညွန့်သန်း ၆/မအရ(နိုင်)၀၁၆၉၆၁တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းမြင့်-ဒေါ်ညွန့်သန်းတို့၏သား မောင်ရဲဇော်ဝင်း(ခ)ဇော်လတ်သည် မိဘတို့၏ဆိုဆုံးမမှုများကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်အောင်ဆောင်ရွက်ခြင်းတို့ကြောင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းအတွက်ပေးသင့်ပေးထိုက်သည်အားလုံးနှင့်ဆောင်ရွက်ပေးသင့်သည့်ကိစ္စအားလုံးကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုတာဝန်မယူပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှမင်း LL.B** | **ဒေါ်မိုးမိုးသူ LL.B** |
| **(စဉ်-၃၂၀၄၃)** | **(စဉ်-၃၅၈၆၂)** |
| **ဒေါ်ဆွေဇင်သန်း LL.B** | **ဒေါ်ဆွေဇင်သွယ် LL.B** |
| **(စဉ်-၃၃၃၉၅)** | **(စဉ်-၃၅၃၁၁)** |

**အထက်တန်းရှေ့နေများ**
**မြိတ်မြို့**
**ဖုန်း-၀၉-၅၆၄၀၇၂၉၊ ၀၉-၄၁၀၀၅၅၇၆၊ ၀၉-၅၆၄၀၇၂၄၊ ၀၉-၄၂၂၁၉၄၉၆၃**


## ဆိုင်ခွဲတိုင်းမှာ ရောင်းကောင်းတာ ဘာကြောင့်လဲ ?

ရွှေရည်မှန်ကန်မှုကြောင့်လား? ဈေးနှုန်းမှန်ကန်မှုကြောင့်လား? ဆက်ဆံရေးပြေပြစ်မှုကြောင့်လား?

**YL ရိလုံရွှေဆိုင်ကြီး (ဃက်ဃေီဃက်ကား) ဦးလှဝေ + ဒေါ်ခင်မြင့်လွင်**

ဆိုင် (၁) - အမှတ် (S-7) [illegible] ☎- [illegible] (Ext.) [illegible]
ဆိုင် (၂) - [illegible]
အမှတ် (F-1) [illegible] ☎- [illegible] (Ext.) [illegible]
ဆိုင် (၃) - [illegible] (C-5) [illegible]
[illegible]
အမှတ် (C-7) [illegible] ☎- [illegible] (Ext.) [illegible]
[illegible]
H - 10 [illegible] ☎- [illegible] (Ext.) [illegible]


## ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၀
ယခင်ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၅)
၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ် -၂၉
၂၀၁၀ခုနှစ် တရားမကြီးအမှုအမှတ် -၆၆၄

| | | |
|---|---|---|
| ဒေါ်သန္တာအေး | နှင့် | ၁။ ဦးတင့်နိုင် |
| တိုက်အမှတ်၄၀၊ အခန်း ၄၀၂ | | ၂။ ဒေါ်ခင်ကြိုင် |
| အောင်သပြေလမ်း၊မင်္ဂလာတောင် | | အမှတ် (F-4) ဘူတာရုံလမ်း၊ |
| ညွန့်အိမ်ရာ၊ မင်္ဂလာတောင်ညွန့် | | လှသီတာအိမ်ရာ၊ |
| မြို့နယ်၊ ရန်ကုန်မြို့ | | အမှတ်၂ရပ်ကွက်၊ |
| | | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| **တရားနိုင်** | | **တရားရှုံးများ** |

ယခင်ရန်ကုန်တိုင်းဒေသကြီး တရားရုံး၊ ၂၀၁၀ခုနှစ် တရားမကြီးအမှုအမှတ် ၆၆၄တွင် ချမှတ်ထားသော အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၂ခုနှစ် ဇူလိုင် ၃ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်) နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်သူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

အခန်းအမှတ် (F-4) ဘူတာရုံလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ လှသီတာအိမ်ရာ၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျယ် ၁၅ပေ×ပေ၅၀အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

